စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# ဘာတွေပြောင်းရမလဲ

ခင်မောင်ညို(ဘောဂဗေဒ)



mgyoe.com

mgyoe.com

ခရီးသွားအတွေ့အကြုံ
အတွေးအဆများနှင့်
မြန်မာ့နွေဦး
မြန်မာ့စီးပွား
မြန်မာ့နိုင်ငံရေး
အဂေါ်ဖြတ်မှတ်ချက်
စာစုများ

KMN0037
2,300.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အယ်အက်စ်အို
၂၀၁၄၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

၈၀၈.၈၄

ဘာတွေပြောင်းနေပြီလဲ
ခင်မောင်ညို(ဘောဂဗေဒ) -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄။
စာမျက်နှာ ၁၄၇ မျက်နှာ၊ ၁၄ စင်တီ x ၂၁ စင်တီ
(၁) ဘာတွေပြောင်းနေပြီလဲ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဘာတွေ
# ပြောင်းနေပြီလဲ

ခင်မောင်ညို(ဘောဂဗေဒ)

ပထမအကြိမ်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


၁။ မလေးရှားကပြန်ခဲ့တယ် ၅
၂။ ပြင်ဦးလွင်မှ မုဒုံသို့ ၉
၃။ မြန်မာ့စီးပွားရေးကမ္ဘာ့ဘဏ်၏သုံးသပ်ချက် ၁၄
၄။ မြန်မာပြည်မှာလာပြီး ရင်းနှီးမယ်ဆိုရင် ၁၉
၅။ ယူနန်ပြည်နယ်တစ်ခေါက် ၂၂
၆။ ငါန်းဇွန်တစ်ခေါက် ၂၆
၇။ ဝန်ဆောင်မှုပေးရအောင် ၃၀
၈။ နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ၃၃
၉။ နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများနှင့် ဘတ်ဂျက်လိုငွေ ၃၆
၁၀။ ရှေ့ဆက်မယ့်ခရီး ၃၉
၁၁။ ရောဝတီပေါ်က ပြိုင်ပွဲ ၄၂
၁၂။ တစေ့တစောင်းရောဝတီစာပေပွဲတော် ၄၆
၁၃။ ဟောကြပြောကြတာတွေ... ၄၉
၁၄။ ဘဏ်များ၏အလားအလာ ၅၂
၁၅။ အရှုပ်တွေ... လုပ်နေသလား ၅၈
၁၆။ ပညာရှင်တဲ့လား ၆၁
၁၇။ အားနည်းတာ၊ အားသာတာ ၆၄
၁၈။ ကြောက်ကံလာဘ်ရှင် ခရီးစဉ် ၆၈
၁၉။ သတင်းသတိ ၇၁
၂၀။ ကောင်းမွေ၊ ဆိုးမွေ စိတ်နဲ့ ရုပ် ၇၄


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၂၁။ | ရွှေကြိုဂံတစ်ခေါက် | ၇၈ |
| ၂၂။ | အလုပ်နောက် လိုက်နေတဲ့ လူ | ၈၁ |
| ၂၃။ | တနင်္ဂနွေနေ့ တစ်နေ့မှာ | ၈၄ |
| ၂၄။ | မိတ်ဆွေဟောင်းရဲ့ ကျေးဇူး | ၈၇ |
| ၂၅။ | ဝန်ထမ်းအရေးရင်လေးမိသမျှ... | ၉၀ |
| ၂၆။ | အပြောင်းအလဲ၊ အပြောင်းအလဲ | ၉၄ |
| ၂၇။ | အချိတ်အဆက်၊ အလုပ်နဲ့ဦးစားပေး၊ နေရာနဲ့ရပ်တည်ချက် | ၉၇ |
| ၂၈။ | ရာသီပူ၊ အလုပ်ပူ | ၁၀၀ |
| ၂၉။ | ပဋိပက္ခထဲကသတင်းသံတမန် | ၁၀၃ |
| ၃၀။ | ယူနန်စိုက်ပျိုးရေးဆွေးနွေးပွဲ | ၁၀၆ |
| ၃၁။ | ရင်းနှီးစေချင်တယ်ဆိုရင်... | ၁၁၀ |
| ၃၂။ | အောက်ခြေက မပြောင်းသေးတာ | ၁၁၅ |
| ၃၃။ | ဖွံ့ဖြိုးပုံအခြေခံဥပဒေဆွေးနွေးပွဲကအပြန် | ၁၁၈ |
| ၃၄။ | လူတွေအကြောင်း ဘယ်လောက်သိသလဲ | ၁၂၂ |
| ၃၅။ | ကမ္ဘာ့စီးပွားရေးနှင့် မြန်မာ့ငွေကြေး အဆက်အစပ် | ၁၂၅ |
| ၃၆။ | ခပ်အေးအေး မန္တလေး | ၁၂၉ |
| ၃၇။ | လမ်းတို့၏မာယာ | ၁၃၃ |
| ၃၈။ | နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့၏ မြန်မာ့စီးပွားရေးသုံးသပ်ချက် | ၁၃၆ |
| ၃၉။ | မြန်မာ့နွေဦး | ၁၄၀ |
| ၄၀။ | ရောမ 'အကယ်၍'ကြီး | ၁၄၅ |


mgyoe.com

mgyoe.com

# မလေးရှားက ပြန်ခဲ့တယ်

လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ထင်ပါရဲ့၊ ရန်ကုန်လေဆိပ်မှာ ကိုယ်စီးရမယ့် ထိုင်းလေယာဉ်ထွက်သွားတာ မသိလိုက်ဘဲ လွတ်သွားခဲ့ဖူးတယ်။ အကြောင်းတစ်ခုက ခါတိုင်း ပြည်တွင်းလေယာဉ် ခရီးစဉ်တွေ ထွက်ခွာခန်းမက ထိုင်းခရီးစဉ်ခန်းမ ဖြစ်သွားတာ မသိလိုက်လို့ပါ။ နောက်တစ်ကြောင်းကတော့ မလေးရှားသွား အလုပ်လုပ်ကြမယ့် ကလေးတွေနဲ့ မိသားစုတွေ အလွမ်းသယ်နေကြတာကို ဝင်ပြီးခံစားနေမိလို့ပါ။ အခုတော့ အဲဒီအလွမ်းဇာတ်ရဲ့အစ၊ အလယ်၊ အဆုံးကို တစ်စိတ်တစ်ဒေသ မြင်ခွင့်ရပါတယ်။

မလေးရှားမှာ လုပ်မယ့် စာပေဟောပြောပွဲကို ဖိတ်တော့ သွားနိုင်တဲ့ရက် ဖြစ်နေတာနဲ့ အလွယ်တကူပဲ လက်ခံလိုက်ပါတယ်။ ဗီဇာ ကိစ္စတွေ၊ လက်မှတ်ကိစ္စတွေကို အားလုံးစီစဉ်ပေးထားတာပါ။ ရန်ကုန်လေဆိပ်မှာ အုပ်စုလိုက်သွားပြီး အလုပ်လုပ်ကြမယ့် ကလေးတွေကို စပြီးတွေ့နေရပါပြီ။ မလိုလည်းလိုလည်း ကိုယ့်ဘာသာကိုယ် သုံးဖို့ငွေ နည်းနည်းဆောင်သွားသလို လိုအပ်ရင်ပြဖို့ ဒေါ်လာ တချို့လည်း ထည့်ယူသွား

mgyoe.com

mgyoe.com

ပေမဲ့ လေကြောင်းလိုင်း၊ မြန်မာလူဝင်မှု၊ မလေးရှား လူဝင်မှု ဘယ်သူကမှ တောင်းမကြည့်ပါဘူး။

မလေးရှား၊ ကွာလာလမ်ပူ လေဆိပ်ဝင်တော့ လေယာဉ်ပျံပေါ်မှာ ပြည်ဝင်ခွင့်ကတ်မဖြည့်ရပါဘူး။ ဒါနဲ့ ကိုယ်အိပ်ပျော်နေလို့ မရလိုက်သလားဆို ဘေးလူတွေမေးကြည့်တော့ သူတို့လည်း မဖြည့်ရပါဘူး။ လေဆိပ်ဆိုက်ရောက် ကောင်တာနဲ့ လူဝင်မှုကောင်တာကို ရထားနဲ့ကူးရတယ်။ ကလေးတွေကို တသမုယ တသမုနဲ့အော်ပြီး သီးခြားလူစုစစ်ဆေးတယ်။ ကျန်တဲ့သူတွေကတော့ ဘာပြည်ဝင်ခွင့်ပုံစံမှ မဖြည့်ရ၊ Passport ကိုဖတ်၊ လက်ညှိုး နှစ်ချောင်းထောင်လက်ဗွေယူပြီးတော့ ပြည်ဝင်ခွင့်ပြုလိုက်တာပါပဲ။ လေယာဉ်ပေါ်တုန်းက ဖြည့်နေကျ တည်းခိုမယ့် လိပ်စာမေးရင် ဘယ်လို ဖြည့်ကြမလဲလို့ ပူပန်တာတွေက အလကားဖြစ်သွားတယ်။

လေဆိပ်မှာ မြန်မာမိတ်ဆွေတွေ လာကြိုကြပါတယ်။ ခရီးရောက်မဆိုက် အသေးသုံးစရာ ငွေတချို့ ကြိုပေးထားတယ်။ ကော်ဖီတွေ၊ မုန့်တွေနဲ့ ဧည့်ခံကြတယ်။ မျက်စိလည်မှာတို့ ကျန်ခဲ့မှာတို့ ကြောက်လို့ရယ်၊ အင်တာနက် သုံးချင်တာတွေရယ်ကြောင့် တယ်လီဖုန်းကတ် SIM တစ်ခုလောက်ရဖို့ ကြိုးစားပေမဲ့ ဂျဟိုးကို တန်းကူးသွားဖြစ်ကြပါတယ်။

မလေးရှားကို အဆင်းမှာ ဆီအုန်းစိုက်ခင်းတွေကို အရင်ဆုံး လေယာဉ်ပျံပေါ်က မြင်တွေ့ရပါတယ်။ တခြား အိမ်နီးချင်းနိုင်ငံတွေကို ရောက်ဖူးပေမယ့် မလေးရှားကတော့ ဒါပထမဆုံးရောက်ဖူးတာမို့ မြင်မြင်သမျှ လိုက်ကြည့်တော့ မိုးမပြတ်တဲ့ မလေးရှားဟာ ပူအိုက်ပေမဲ့ စိမ်းစိမ်းစိုစို ရှိနေပါတယ်။ မလေးရှား၊ ကွာလာလမ်ပူ လေဆိပ်ကနေ မြို့ထဲမဝင်ဘဲ ကီလိုမီတာ ၃၀၀ လောက်ဝေးတဲ့ ဂျဟိုးကို ကားသုံးစီးနဲ့ ထွက်လာပါတယ်။

မြင်မြင်ချင်း အတွေ့အကြုံကို စင်ကာပူလို အနောက်တိုင်းဆန်ဆန် နိုင်ငံတစ်နိုင်ငံ ထင်ပါရဲ့လို့ မှတ်ချက်ချမိပါတယ်။ ခမ်းနားတဲ့ ဗလီတချို့ကို တွေ့တယ်။ လမ်းရပ်နား စခန်းတွေမှာလည်း သူတို့ ဘုရားရှိခိုးနိုင်ဖို့ နေရာလေးတွေ လုပ်ပေးထားတယ်။ ဂျဟိုးမှာ ဟောပြောနေကြတုန်း ဘုရားရှိခိုးတဲ့အသံ ဝင်လာတယ်။ ကွာလာလမ်ပူ တရုတ်ခန်းမမှာ ဟောပြောပွဲလုပ်တော့ မြန်မာတွေ ထောင်ချီပြီး တက်ကြပါတယ်။ ဂျဟိုးဆိုတဲ့ စင်ကာပူနယ်စပ်က မြို့မှာတော့ ပထမဆုံးအကြိမ် ဟောပြောပွဲလုပ်တာဖြစ်လို့ ပရိသတ်နည်းပါတယ်။ ဒေသခံလုပ်ငန်းရှင်တွေက ဧည့်ဝတ်ကျေကြပေမဲ့ အချိန်ကနည်းနေတော့ ဘယ်မှမသွားနိုင်ကြ၊ မရောက်နိုင်ကြပါဘူး။

ခရစ္စမတ်ရက်အကျော် နှစ်ကူးခါနီးမို့ ဟိုတယ်တွေရှိသမျှ အကုန်ပြည့်နေပါတယ်။ နံနက်စာစားဖို့အရေး အတော်ကြာအောင် တန်းစီရပေမဲ့ တနင်္လာနေ့ မနက်ရောက်တော့ အားလုံးပြန်ကုန်ကြတယ် ထင်ပါရဲ့၊ အတော်လေး ရှင်းသွားတယ်။ ဟိုတယ်ရှေ့မှာ ခါတိုင်းပြည့်နေတဲ့နှစ်ထပ်ဘတ်စ်ကားတွေကိုတောင် သိပ်မတွေ့ရတော့ဘူး။

ဟိုတယ်ရှေ့မှာတောင် မြန်မာစာဆိုင်းဘုတ်နဲ့ မြန်မာဆိုင်းဘုတ် တွေ့ရတယ်။ ဂျဟိုးမှာဘုန်းကြီးကျောင်းလည်း ရှိပြီး မလေးရှားမှာကို မြန်မာဘုန်းကြီးကျောင်းလေးတွေ ခြောက်ဆယ်လောက် ရှိသတဲ့။ မလေးရှားမှာ မြန်မာပရိသတ် အတော်အင်အား တောင့်နေတယ်လို့

mgyoe.com

mgyoe.com

မှန်းဆနိုင်ပါတယ်။ ကွာလာလမ်ပူ၊ ဘတ်စ်ကားဂိတ်နားဆိုလည်း မြန်မာဆိုင်တွေချည်း တန်းစီနေတဲ့ လမ်းတောင်ရှိတယ်။

မြန်မာတွေ ဘယ်လောက်လာကြ၊ ပြန်ကြတယ် မပြောတတ်။ ဆရာကျော်ရင်မြင့်က အောက်လမ်းဆရာကြီးလို့ ကင်ပွန်းတပ်ထားတဲ့ ကိုတိုနီရဲ့ ခရီးသွားအကျိုးဆောင် လုပ်ငန်းကတော့ တောက်လျှောက် တယ်လီဖုန်းဖြေနေရပြီး ပြန်ချင်တဲ့သူတွေရော၊ လာချင်တဲ့သူတွေရော တောက်လျှောက် ရှိနေပါတယ်။ ဂျဟိုးကိုအသွားမှာ တစ်လမ်းလုံး သူပြောပြောတာကို ဆရာ ကျော်ရင်မြင့်က နားခံရပါတယ်။ အပြန်မှာတော့ ကျွန်တော်တို့ နှစ်ယောက်က သူ့ကို ဝိုင်းပြီး အင်တာဗျူးကြပါတယ်။ မိဘတွေလည်း မြန်မာပြည်ထဲမှာ မရှိတော့ မိသားစုနဲ့ ကွာလာလမ်ပူမှာ အခြေတကျဖြစ်နေတဲ့သူက မြန်မာနိုင်ငံကို နောက်ဆုံးအကြိမ် ပြန်ရောက်စဉ်မှာ တန်ခိုးကြီးဘုရားတွေ လှည့်ဖူးပြီး မြန်မာနိုင်ငံကို မပြန်ရတော့လိုပါ၏လို့ ဆုတောင်းရလောက်အောင် ဘာတွေ တွေ့ကြုံခဲ့သလဲ မသိပါဘူး။ ခုအထိတော့ သူ့ဆုတောင်း ပြည့်နေပုံရပါတယ်။ မလေးရှားရောက် မြန်မာတချို့ကလည်း မိုးကုန်ရင် ပြန်မယ်ဆိုပေမဲ့ မလေးရှားက ဘယ်တော့မှ မိုးပြတ်တာ မဟုတ်ဘဲကိုး။

မပြန်ချင်ပေမဲ့ ပြန်ရတဲ့သူတွေလည်း ရှိပါတယ်။ ကွာလာလမ်ပူလေဆိပ်မှာ မွေးနေ့ရှင် ဆရာမ မြနဒီက လိုက်ပို့တယ်။ စာရေးဆရာမ သုံးယောက်ကို ထိုင်ကန်တော့တယ်။ လူဝင်မှုကြီးကြပ်ရေး ကောင်တာကို သူကန်တော့တာခံအပြီး ဝင်လာကြတယ်။ ဘေးမှာ ကလေးတွေ နှစ်ယောက်စီ တန်းစီလို့။ မိန်းကလေး တချို့လည်းပါတယ်။ သေချာကြည့်တော့ လက်ထိပ်တွေနဲ့။ ဩော်… ပြန်ပို့ခံရတဲ့ ကလေးတွေကိုးလို့။ နောက် ကိုယ့်လိုပဲ မလေးရှားက ပြန်မယ့် ဦးပဥ္စင်းက သူတို့လက်ထဲမှာ ကိုင်ထားတာ မြန်မာနိုင်ငံကူး လက်မှတ်တွေလေဆိုမှ မြန်မာတွေ မှန်းသိတာ။ ထွက်ခွာခန်းမထဲမှာ သူတို့ကို နှစ်သုတ်လောက် လာပို့တာတွေ့တယ်။ ဆရာမ မစန္ဒာက လေယာဉ်ပေါ်မှာ စားရမယ့်ထမင်းကို မစားရက်ဘဲ ကလေးတွေကို ကျွေးလိုက်ပါဆိုလို့ ကိုယ့်ထမင်းဗူးကိုပါ ထည့်ပေးလိုက်တယ်။ မလေးရှားအကျဉ်းမှာ တစ်လလောက် နေခဲ့ရတယ်။ ထမင်းက နှစ်လုပ်လောက်စားရတယ်ဆိုတာတွေ ကြားရပေမဲ့ သိပ်ပြီးမကြားချင်၊ မကြားရက်နဲ့ ဆက်ပြီးမေးနိုင်စွမ်းမရှိပါဘူး။

ထိုင်းနိုင်ငံ ချူလာလောင်ကွန်း တက္ကသိုလ် ဆွေးနွေးပွဲမှာ ကိုယ်ပြောပြောတဲ့ အကြောင်းအရာတွေကိုပဲ အကျဉ်းချုပ်ပြီး ပြောဖြစ်ပါတယ်။ ကိုယ့်အိမ်ပြန်တာပဲဗျာ ကိုယ့်အိမ်ဆိုတာ ဆင်းရဲဆင်းရဲ၊ ချမ်းသာချမ်းသာ ကြိုက်တဲ့အချိန် ပြန်လို့ရပါတယ်။ ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် ဆင်းရဲချမ်းသာမရွေး ပြန်လို့ရပါတယ်။ ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရတာကို နားလည်နိုင်ပါတယ်။ ခင်ဗျားတို့ ပျော်ရာမှာ ပြန်နေနိုင်အောင် ဝိုင်းဝန်းကြိုးစား နေကြပါတယ်။ တော်ရာမှာ နေရတဲ့အခါ ပျော်အောင်လည်းနေကြပါ၊ တော်အောင်လည်း နေကြပါ။ ငွေထုပ်ပိုက် ပြန်လာရုံသာမက အတွေးအမြင်တွေ၊ အတွေ့အကြုံတွေ၊ ပညာဗဟုသုတတွေ၊ နည်းပညာတွေ၊ အတတ်ပညာတွေလည်း ယူခဲ့ကြပါ။ မလေးရှားတွေရဲ့ အိတ်ထဲက ငွေတွေ ခုန်ထွက်လာအောင်လည်း

mgyoe.com

mgyoe.com

လုပ်ကြပါလို့ ပြောဖြစ်ခဲ့ပါတယ်။ လုပ်ငန်းအတော်များများက မြန်မာလုပ်သားတွေအတွက် ရည်စူးပုံရပြီး တချို့လုပ်ငန်း မလေးရှားကို ဦးတည်တယ်။ ဆောက်လုပ်ရေးလုပ်ငန်း ဝင်လုပ်နေတဲ့ သူတချို့လည်း ရှိတယ်။ မလေးရှားရောက် မြန်မာပညာရှင်တချို့နဲ့လည်း ဆုံပါသေးတယ်။ ဟိုတယ်မှာ၊ ဟိုတယ်ဘေးက စားသောက်ဆိုင်မှာလည်း မြန်မာတွေနဲ့ တွေ့ရပါတယ်။

ထူးထူးခြားခြား နှလုံးလှသွေးလှူရှင်အသင်းနဲ့ နာရေးကူညီမှုအသင်းဆိုရင် အဖွဲ့ဝင် လေးရာ လောက်ရှိပြီး သက်တမ်းတစ်နှစ် ပြည့်တော့မယ်ဆိုတော့ ဆရာမ မစန္ဒာက သဒ္ဓါပေါက်ပြီး ချက်ချင်းလှူပါတယ်။ မြန်မာဂျာနယ်၊ မဂ္ဂဇင်းကလည်း ၂၅ စောင်ရှိတယ်တဲ့။ ဟောပြောပွဲစီစဉ်ရာမှာ ပါဝင်တဲ့ စာစောင်တွဲကိုက မနည်းဘူး။ ဒါကြောင့် အဆောက်အအုံတွေ၊ လမ်းတွေကလွဲရင် မြန်မာအဝန်းအဝိုင်းကြားမှာမို့ နိုင်ငံခြားရောက်နေတယ်လို့တောင် သိပ်မခံစားမိပါဘူး။

ရောက်တုန်းရောက်ခိုက်တော့ မြန်မာတွေ စုစည်းကြတာ၊ အလုပ်လုပ်ကြတာ၊ ကြိုးစားကြတာတွေ ကြားသိရလို့ စိတ်ချမ်းသာရပါတယ်။ ဒဟောပြောပွဲလာဖို့ အလုပ်ပိုလုပ်ပြီး အချိန်အားရအောင် ကြိုးစားကြရတယ်ဆိုတော့ ကျွန်တော်တို့လည်း အလေးထားပြီး အချိန်ကုန်ရကျိုးနပ်အောင် ကြိုးစား ဟောပြောခဲ့ကြကြောင်းပါ။

■

mgyoe.com

mgyoe.com

# ပြင်ဦးလွင်မှ မုဒုံသို့

(၁)

ခရီးတွေ ဆက်တိုက်ဖြစ်သွားတဲ့အခါ ခရီးစဉ်တိုင်းကို ချမရေးဖြစ် သလို အစပြန်ဖော်ဖို့ ခက်တာတွေပါ ကြုံရပါတယ်။ နေ့စဉ်မှတ်တမ်း ချမရေး ဖြစ်တာကလည်း အတော်ကြာပြီလေ။ ချရေးဖြစ်တဲ့နှစ်တွေက မှတ်တမ်း တွေကိုလည်း အိမ်အပြောင်းအရွှေ့မှာ ရှင်းပစ်ခဲ့တယ်။

ဒီဇင်ဘာလထဲမှာ ပြင်ဦးလွင်နားက အာရှအလင်းရောင် ဘုန်းကြီး ကျောင်းမှာ ဒါနရှေ့ဆောင် မြန်မာကလုပ်တဲ့ စခန်းချပွဲ၊ ပြန်လည် ဆုံတွေ့ ပွဲကို လိုက်သွားပါတယ်။ တပည့်ဟောင်း၊ သင်တန်းသားဟောင်းတွေနဲ့ တွေ့ရအောင်သွားပေမဲ့ သူတို့လည်း ကိုယ့်တာဝန်နဲ့ကိုယ်ဆိုတော့ အားလုံး မလာနိုင်ကြသလို၊ ကိုယ်ကလည်း သိပ်ပြီးမှတ်မိတာမဟုတ်ဘူး။ မြန်မာ တွေရဲ့ သဒ္ဒါတရားကတော့ လမ်းမကနေ နှစ်မိုင်လောက်ဝင်ရတဲ့ ကျောင်း မှာ ကျောင်းတွေက အပြည့်၊ နေရာချထားတဲ့ ကျောင်းထဲမှာဆိုရင် ရေပူ ရေအေးသာမက ကျောက်ပြင်တောင် တွေ့ခဲ့ရသေးတယ်။ ဒကာ ဒကာမ တို့လည်း လာပြီးတည်းကြပုံရပါတယ်။ ဆရာတော်က ဝိပဿနာရျော၊

mgyoe.com

mgyoe.com

ပရဟိတရော အားလုံးဆောင်ရွက်ပြီး ခေတ်အမြင်လည်း အတော်လေး ခိုင်ခိုင်မာမာရှိပုံ ရပါတယ်။

ပြင်ဦးလွင်မှာ ဟောပြောပို့ချအပြီး ထိုင်းနိုင်ငံ ရောက်ရပြန်တယ်။ ဒီအကြောင်းတော့ ရေးပြီးပြီ။ ထိုင်းနိုင်ငံက ပြန်လာတော့ အာစရိယပူဇော်ပွဲ– စီးပွားရေးတက္ကသိုလ်မှာ လုပ်တာ ဝင်ပြီးပူဇော်တယ်။ ကိုယ်က အသက် ၆၀ မပြည့်သေးတော့ မပါသေး။ ဒီတစ်ခါ အာစရိယပူဇော်ပွဲမှာ ကိုယ့်အတန်းနဲ့ကိုယ် လူစုကြ၊ လှူကြတန်းကြတဲ့ အစီအစဉ်တွေ၊ ညဘက် မိတ်ဆုံစားပွဲနဲ့ ဂီတပဒေသာ၊ ပြီးတော့ ကံ့ကော်ဆောင်တို့ သရဖီဆောင်တို့က ကိုယ့်အစီအစဉ်နဲ့ကိုယ် ဆုံတွေ့ကြနဲ့ဆိုတော့ နှုတ်ဆက်ရတာကိုက မောလို့။ ပြီးတော့ စကားလည်း ဆုံးအောင် မပြောနိုင်၊ ဟိုလူ့နှုတ်ဆက်ရ၊ ဒီလူက ဝင်နှုတ်ဆက်နဲ့ တစ်ယောက်နဲ့တစ်ယောက် လာလို့လာမှန်းမသိ၊ မတွေ့လိုက်ရတဲ့ သူတွေကလည်း အများကြီး။ ကိုယ်တောင် စီးပွားရေးတက္ကသိုလ်ရဲ့ အင်းလျားကန်ဘက်ခြမ်းက အလှူမဏ္ဍပ်တွေ မရောက်ဖြစ်လိုက်ပါဘူး။ ကန်တော့ပွဲလုပ်တဲ့ နီလာရတုခန်းမဆို ခြေချမိရုံပဲရှိရဲ့။ လူတွေများလွန်းတော့ ဆရာ ဆရာမတွေတောင် အဝင်ရခက်၊ အထွက်ရခက်နဲ့။ ညစာစားပွဲကိုတော့ မလာနိုင်ကြတာ များပါတယ်။ အသက်တွေက ငယ်တော့တာမှ မဟုတ်တာ။

အာစရိယပူဇော်ပွဲ လုပ်တဲ့နေ့က အိမ်မှာလည်း သမီးက သူ့သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး မွေးနေ့အလှူလုပ်တယ်။ တစ်နေ့လုံး မောနေပေမဲ့ ပျော်နေတာပါပဲ။

( ၂ )

စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲကိုလာတဲ့ မုဒုံက တပည့်ဟောင်းတစ်ယောက်က သူတို့မုဒုံမှာ လာပြီး ဟောပေးပါဆိုတော့ နှစ်ခါမစဉ်းစားဘဲ ခေါင်းညိတ်ပါတယ်။ အဲဒီဘက် မရောက်တာလည်း အတော်လေးကြာပြီ။ အာစရိယပူဇော်ပွဲက အပြန်မှာ သူနဲ့တစ်ခါတည်း လိုက်သွားတယ်။

ကျိုက်ထီးရိုးသွားတဲ့ ကျိုက်ထိုအထိတော့ ရောက်ထားတာ မကြာသေးဘူး။ ကျိုက်ထိုကနေ ဟိုဘက်မှာလည်း လမ်းကကောင်းလိုက်တာ။ ဝေါမှာ နေ့လယ်စာစားပြီး ခရီးဆက်ကြတာ။ ညနေစောင်းတော့ မော်လမြိုင်ရောက်၊ မော်လမြိုင်ကမ်းနားမှာ ညစာမစားမီ နေဝင်ချိန် သံလွင်မြစ်နဲ့ စင်ရော်တောင်ရဲ့ အလှကို မလွတ်တမ်း ခံစားလိုက်၊ ဓာတ်ပုံရိုက်လိုက်နဲ့ ပြီးမှ ညစာစားကြတယ်။ ညစာစားပြီး မုဒုံကို ခရီးဆက်တော့ မှောင်နေလို့ သိပ်ပြီးမမြင်ရတော့ပါဘူး။ လမ်းမှာ နယ်စပ်ကပစ္စည်း သယ်လာပုံရတဲ့ ဗင်ကားတွေက မကြာခဏတွေ့ရတယ်။

မုဒုံရောက်တော့ ရေတောင်မချိုးနိုင်ပါဘူး။ တန်းအိပ်တာပဲ။ အနွေးထည်တွေ အိတ်အပြည့် ယူလာခဲ့ပေမဲ့ ရာသီဥတုက ရန်ကုန်လောက်တောင် မအေးပါဘူး။ မော်လမြိုင်မှာ ရိုက်တဲ့ဓာတ်ပုံတွေတင်ဖို့ ကြိုးစားတဲ့ စီဒီအမ်အေက အင်တာနက် ကောင်းကောင်းသုံးလို့ရတယ်။ ဒါပေမဲ့ မုဒုံလည်း ရောက်ရော စီဒီအမ်အေက သုံးလို့မရ။ သုံးလို့ရတဲ့ တယ်လီဖုန်းက

mgyoe.com

mgyoe.com

လည်း ဓာတ်ပုံလေး တစ်ပုံတင်ဖို့ နာရီဝက်လောက် ကြာတာတောင် မသေချာဘူး။ ဒါပေမဲ့ ကံအားလျော်စွာ ဂျီမေးလ်ဖွင့်လို့ ရနေတော့ စာတွေ တောက်လျှောက်ရ၊ အကြောင်းပြန်၊ ရေးပို့ လုပ်လို့ရနေတယ်။ လေယာဉ်မတော်တဆဖြစ်တဲ့ သတင်းကို ကျိုက္ကမိနဲ့ စက်စဲမှာ Facebook ကနေ သိရတယ်။

ခရစ္စမတ်နေ့မှာ မုဒုံက ဆွမ်းလောင်းတာ၊ သံဃာတွေအိမ်ပင့်ပြီး ဆွမ်းကျွေးတာ၊ ဧည့်ပရိသတ်တွေဖိတ်တာနဲ့ တန်းတွေ့တာပဲ။ အိမ်ရှေ့က ကလေးတွေက စောစောစီးစီး သီလယူကြ၊ ကန်တော့ကြ ပြီးတော့ စာကျက်တာနဲ့ အစောကြီး မင်္ဂလာရှိတဲ့အသံတွေ ကြားနေရတယ်။ ပြီးတော့ ကားပေါ်မှာတွေ့ရတဲ့ ပုံတော်ကို အကြောင်းပြုပြီး မုဒုံက ပထမ မင်းကွန်း ဇေတဝန် ကျောင်းဆရာတော်ကို သွားရောက်ဖူးမျှော်ခွင့်လည်း ကြုံပါတယ်။

ကိုယ်ဖြင့် မုဒုံစောင်ဆိုတာတော့ မေ့သလောက်ရှိနေပေမယ့် မုဒုံစောင် တစ်ထည်တော့ လက်ဆောင်ရခဲ့သေး။ မြင်မြင်သမျှ တောင်တွေပါမကျန် ရွှေဖြူလို့ခေါ်တဲ့ ရာဘာပင်တွေချည်းပါ။ မုဒုံက ဟိုတုန်းကဆို လယ်ယာနဲ့ရက်ကန်း၊ နောက်ကျတော့ လယ်ယာနဲ့ရာဘာဆိုပြီး တစ်ခုခုကို အရန်ထားတတ်တဲ့ အလေ့အထ ရှိတယ်လို့ မုဒုံမဂ္ဂဇင်းထဲမှာ ဆရာမောင်မောင်ရွှေမြိုင်ရေးထားတာ တွေ့ရတော့ အခုမုဒုံသားတွေရော ဒီလိုပဲလားလို့ မေးမိပါသေးတယ်။ ရာဘာအပြင် တခြားဘာ အရန်ထားသလဲဆိုတဲ့ မေးခွန်းကိုလည်း မေးဖြစ်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟိုတုန်းက အဆင့်မြင့် ရာဘာတွေ ရာခိုင်နှုန်း ခပ်များများ ထုတ်လုပ်နိုင်ခဲ့ရာက အခုတော့ အဆင့်နိမ့်တွေ ရာနှုန်းများတာမို့ အဆင့်နိမ့် ဝယ်တဲ့နိုင်ငံကိုပဲ လိုမ့်ရောင်းနေတယ်လို့ ဆိုတာကိုး။

စီးပွားရေး အတန်အသင့်လည်းကောင်း၊ တစ်ဖက်နိုင်ငံကို အကူးအသန်း အသွားအလာတွေကလည်း များလေတော့ အမြင်ကျယ်သင့်သလောက်ကျယ်ပြီး ကလေးတွေရဲ့ ပညာရေးကိုလည်း အားပေးကြပုံရပါတယ်။ ကိုယ့်ဆီကလူတွေက တခြားနိုင်ငံသွား အလုပ်လုပ်တဲ့အခါ ကိုယ့်အရပ် ကိုယ့်ဒေသကို တခြားအရပ်က လူတွေကလာပြီး အလုပ်လုပ်။ ဒီအခါ ဧည့်သည်တွေက ဒေသခံတွေကို ကိုယ့်ရပ်ကိုယ့်ရွာကို စောင့်ရှောက်မှုမပြုနိုင်။ ကိုယ်ကလည်း တခြားရပ်ရွာမှာ ဘယ်လောက်ပဲနေနေ၊ စီးပွားရေး ဘယ်လိုပဲ အဆင်ပြေပြေ၊ ဘယ်တော့မှ အိမ်ရှင်မဖြစ်နိုင်တဲ့ အခြေအနေကိုလည်း ဟောပြောပွဲ လာရောက်တဲ့ ဆရာမ မသီတာ (စမ်းချောင်း)က ပြောသွားပါသေးတယ်။ ကိုကိုကြီး၊ မသီတာ (စမ်းချောင်း) နဲ့ ဆရာမ သန်းမြင့်အောင်တို့က မော်လမြိုင် ဟောပြောပွဲကနေ မုဒုံကိုကူးပြီး ဟောပြောကြရာမှာ ကိုယ်က ကြားထောက်ပေးတဲ့ အနေနဲ့ အမှတ်စဉ် ၂ မှာ ဟောပြောပေးရတာပေါ့။

(၄)

စောစောကြိုရောက်နေတဲ့ ဧည့်သည်အတွက် အိမ်ရှင်တွေက ဝန်လေးမှာ မှန်ပေမယ့် ဧည့်ဝတ်ကျေလှပါတယ်။ ခရီးရောက်မဆိုက် သကြန်ထမင်းလည်း စားခွင့်ကြုံပါတယ်။ ဒါပေမဲ့

mgyoe.com

mgyoe.com

ခေတ်ပြောင်းလာတော့ ဖယောင်းနံ့ကို မကြိုက်ကြတော့ဘူးတဲ့။ သံဖြူဇရပ်က တပည့်ဟောင်းကိုလည်း အပါခေါ်ပြီး လျှောက်လည်ကြတယ်။ ကျိုက္ခမီကတော့ လေဒဏ်မိုးဒဏ် ရာသီဥတုဒဏ်နဲ့ စက်ကြလမ်းတွေ ပြင်ဆင်နေတာ တွေ့ရပေမဲ့ ကျောင်းတော်ကြီးကတော့ ခိုင်ခိုင်မာမာပါ။ ခရုခွံတွေ၊ ကနုကမာတွေ ဆိုတဲ့ အမှတ်တရ လက်ဆောင်တွေကတော့ ဟိုတုန်းကနဲ့ သိပ်ပြောင်းလဲပုံမရ။ ရောက်တုန်းရောက်ခိုက် ကျောက်ပွင့်သုပ်တော့ စားဖြစ်အောင် စားခဲ့သေး။

စက်စဲက ချောင်းသာတို့၊ ငွေဆောင်တို့လို ဆွဲဆောင်မှု သိပ်မရှိလှ။ ဒါကြောင့် အုန်းရေသောက်ပြီး ပြန်တယ်။ သံဖြူဇရပ်ရောက်မှ မွှန်ချက်ဟင်းတွေနဲ့ ထမင်းစားကြတယ်။ ဂျုံးဂျုံးကျနဲ့ မုဒုံကန်တော်ကြီးက အေးအေးဆေးဆေးရှိတယ်။ မိုးတွင်းမဟုတ်တော့ ရေတံခွန်တွေဘာတွေမရှိ။ ကန်တော်ကြီးကနေ လှမ်းမြင်ရတဲ့ တောင်ပေါ်မှာ ဘာသာရေး အဆောက်အအုံတွေ တွေ့နေရလို့ မေးကြည့်ပြီး အရောက်သွားတော့ တကယ့်ရှုခင်းတွေ မြင်ရပြန်တယ်။

ကျိုက်မရော ဆုတောင်းပြည့်ဘုရားနဲ့ စာတတ်မြောက်ရေး လှုပ်ရှားမှုနဲ့ ရောက်ခဲ့တဲ့ ပိန္နဲကုန်းက ဦးတင်ကို၊ ဒေါ်စောသိန်းတို့ မိသားစုတွေဆီကိုတော့ ဝတ္တရားမပျက် ရောက်ခဲ့ပါတယ်။ မော်လမြိုင်က ရောက်ဖူးပြီး သားတော်ဦးတန်းက ဘုရားတွေက မထူးခြားပေမဲ့ စပ်စုမိပြီး ရောက်သွားတဲ့ ရတနာဘုံမြင့်ကျောင်းတိုက်မှာ စွယ်တော်ကို ဖူးခွင့်ရသလို စိန်တုံးမိ ဘုရားရဲ့ ကောင်းမှုပလ္လင်၊ ဘုရားကျောင်းဆောင်၊ မပျက်စီးသေးတဲ့ မှန်စီရွှေချတွေ၊ ဗုဒ္ဓဝင်ထု ထားတဲ့ ဆင်စွယ်နှစ်ချောင်း၊ တံခါးပေါက် နှစ်ဆယ့်ရှစ်ပေါက်နဲ့ ပြတင်းပေါက်လေးဆယ်မှာ ထုထားတဲ့ ပန်းပု ရုပ်ကြွတွေ၊ ဘုရားခန်းအဝက ရွှေစာအုပ်ဖွဲ့ပြီး မှတ်တမ်းကောက်ယူနေကြတဲ့ စတုမဟာရာဇ်နတ်မင်းကြီး နှစ်ပါး အထူးခြားဆုံးက သီဟာသနပလ္လင်၊ မင်းတုန်းမင်းတရားကြီးရဲ့ ဝတ်လဲတော်ကို ပြာချပြီး လုပ်ထားတဲ့ကမ္ဗဝါတဲ့။ ကြည့်စရာရှုစရာ ဓာတ်ပုံရိုက် မှတ်တမ်း တင်စရာတွေ အပြည့်ပါပဲ။

စိန်တုံးမိဖုရားကြီး ချို့တဲ့တဲ့ဘဝရောက်တော့ သွေးဝမ်းကျ ဝေဒနာခံစားရတယ်။ နန်းတွင်းသမားတော်တွေကို ကြေးနန်းရိုက်ပင့်ပေမဲ့ မလာနိုင်ကြ။ ကျုံဒိုးက သမားတော်ကြီး ကုသပေးလို့ ပျောက်တာ၊ ပဝါတစ်ပိုင်းသာ ဆုချနိုင်တယ်ဆိုတာ သံဝေဂ ယူစရာ။

ဘဝနေဝင်ချိန်နီးတော့ ဝတ်ကြောင်ကိုစွန့်ပြီး သီလရှင်ဘောင်ကို ကူးပြောင်းခဲ့တဲ့ စိန်တုံးမိဘုရားဘဝ၊ မင်းတုန်းမင်းကြီးနဲ့ပုံ၊ ပြီးတော့ စိန်တုံး သီလရှင်ပုံတွေကိုလည်း တွေ့ရပါ၏။

ရတနာဘုံမြင့်ကျောင်းတိုက် အနှစ် ၁၀၀ ပြည့်အထိမ်းအမှတ်၊ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင် အမှာစာရေးပြီး ကထိကဦးအုံ့ကျော်ရေးတဲ့ စာအုပ်လေးတစ်အုပ်ကို ရခဲ့လို့သာ သမိုင်းကြောင်း နည်းနည်းသိရပါရဲ့။

မုဒုံဟောပြောပွဲလာတဲ့ ကိုကိုကြီး (၈၈ မျိုးဆက်)က ရခိုင်အရေး ကော်မရှင်မှာ ပါလေတော့ လိုအပ်တဲ့ အထောက်အထားတွေကို ဗြိတိသျှ စာကြည့်တိုက်က ယူရတယ်။ သူကိုယ်တိုင်တော့ ၈၈ သမိုင်းကြောင်းကို ရေးဖို့မလွယ်လှ။ မုဒုံအကြောင်း စာတမ်းတွေ၊ အထောက်အထားတွေ ခိုင်ခိုင်မာမာ ရှိစေချင်တဲ့အကြောင်း ပြောသွားလေရဲ့။

mgyoe.com


ကျောက်စိမ်းဘုရားကျောင်းက ဆရာတော်ကတော့ မွန်တို့ရဲ့ သမိုင်းကြောင်းတွေ အားပါးတရ မိန့်ကြားနေပေမဲ့ ကိုယ့်အစီအစဉ်နဲ့ကိုယ်ဆိုတော့ ကြာကြာမဆွေးနွေးနိုင်။ ကျောက်တစ်လုံးဝင်းစိမ်းတောရက အရှိန်ကောင်းနေဆဲ။

( ၅ )

မုဒုံ မင်းကွန်းဆရာတော်က စာရေးတယ်ဆိုတာ သူတစ်ပါး အမြင်ကျယ်အောင်၊ နား၊ မျက်စိပွင့်အောင် လုပ်ပေးတဲ့အလုပ်ဆိုတော့ အတော်ကုသိုလ်ထူးတယ်။ ပါရမီလည်း အတော်ကြီးမားသူတွေရဲ့ အလုပ်ပဲလို့ ချီးမြှင့်တော့ အတော်ဝမ်းသာအားရ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း မုဒုံက ပထမဆုံးအကြိမ် ဟောပြောပွဲမှာ "မိုးလေဝသသတင်း နားထောင်ပါ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ နိုင်ငံရေးသတင်းတွေ၊ မျက်ခြည်မပြတ်ကြည့်ဖို့၊ နားထောင်ဖို့၊ သတိပေးစကား ပြောကြားခဲ့တာပါပဲ။

mgyoe.com

mgyoe.com



# မြန်မာ့စီးပွားရေး ကမ္ဘာ့ဘဏ်၏ သုံးသပ်ချက်


အကျဉ်းချုပ်

မြန်မာ့စီးပွားရေး အဆောက်အအုံသည် ၂၀၁၁–၁၂ တွင် အရှိန်ရ လာကာ ၅.၅% တိုးတက်ခဲ့ပြီး ၂၀၁၂–၁၃ ဘဏ္ဍာနှစ်တွင် ၆.၃% တိုးတက်မည်ဟု ခန့်မှန်းသည်။ ငွေဖောင်းပွမှုနှုန်းသည် ခုဂဏန်း (ဂဏန်းတစ်လုံးတည်း)သာ ရှိခဲ့သော်လည်း မကြာမီလများတွင် တက်လာပြီး ၂၀၁၂–၁၃ တွင် ယခင်နှစ် ၄% တက်လာကာ ၆.၁% ရှိမည်ဟု ခန့်မှန်းသည်။ ၂၀၁၁–၁၂ တွင် ဘတ်ဂျက်လိုငွေသည် ဂျီဒီပီ၏ ၆.၀% ရှိရာမှ ၂၀၁၂–၁၃ တွင် ၅.၃% အထိ ကျဆင်းကာ အခြေအနေ ကောင်းမွန်လာနိုင်သည်။ ပို့ကုန်နှင့် နှိုင်းယှဉ်လျှင် သွင်းကုန်တိုးတက်မှု ပိုမိုမြန်ဆန်နေခြင်းကြောင့်၊ ပြည်ပငွေပေးငွေယူ ရှင်းတမ်းသာမန်စာရင်း လိုငွေပိုများလာနိုင်သည်။ နိုင်ငံတကာ သီးသန့်နိုင်ငံခြား ရန်ပုံငွေ လက်ကျန် တိုးပွားလာကာ ၂၀၁၂–၁၃ ဘဏ္ဍာနှစ်အကုန်တွင် သွင်းကုန် ၄ လစာ ရှိမည်။ စတော့ရှယ်ယာဝယ်ယူမှုများ မရှိသေးသဖြင့် ငွေလုံးငွေရင်းစာရင်းတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသာ လွှမ်းမိုးထားသည်။ ၂၀၁၁–၁၂ တွင် ပြည်ပငွေပေး


mgyoe.com

ငွေယူ ရှင်းတမ်း လက်ကျန်သည် –၁.၀ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၂–၁၃ တွင် ၂.၁ ရာခိုင်နှုန်း ပိုငွေပြနိုင်သည်ဟု တွက်ဆခြင်းမှာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု သိသိသာသာ တိုးလာခြင်းကြောင့် ဖြစ်သည်။

ဆယ်စုနှစ်ပေါင်းများစွာ တန်ဖိုးမြင့်စေခဲ့သော နိုင်ငံခြားငွေ ဖလှယ်နှုန်းကို ဖျက်သိမ်းလိုက်ပြီးနောက် ဧပြီလမှစ၍ တစ်ခုတည်းသော ငွေဖလှယ်နှုန်းစနစ် ဖြစ်ရန် ကြိုးပမ်းအားထုတ်ရာတွင် သိသာသော တိုးတက်မှုများကို ရရှိခဲ့သည်။ ၂၀၁၃ ခုနှစ် အစောပိုင်းတွင် ဂျပန်နိုင်ငံနိုင်ငံတကာ မြီရှင်များသို့ ပေးဆပ်ရန် ကျန်ငွေများကို ရှင်းလင်းနိုင်သည့် အလားအလာကောင်းများရှိရာ ထိုကြွေးများကိုရှင်းပြီးပါက မြန်မာနိုင်ငံသည် ကြွေးမြီနှင့် ပတ်သက်၍ အန္တရာယ်နည်းသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာနိုင်သည်။

မြန်မာ့စီးပွားရေး အလားအလာနှင့် ပတ်သက်၍ အဓိက အန္တရာယ်များ၊ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်နိုင်သည့် စွမ်းရည်နိမ့်ကျခြင်း၊ အချို့သော ပြဋ္ဌာန်းပြောင်းလဲမှုများကို ဆန့်ကျင်မှုများရှိခြင်းနှင့် ပြည်တွင်းပဋိပက္ခများ အရှိန် မြင့်လာခြင်းတို့ ဖြစ်သည်။

## မကြာမီက ဖြစ်ထွန်းမှုများ

မြန်မာ့စီးပွားရေး အဆောက်အအုံသည် ၂၀၁၁–၁၂ တွင် ဆက်လက် အရှိန်အဟုန်ကောင်းနေခဲ့သည်။ အမှန်တကယ် ဂျီဒီပီ တိုးတက်မှုနှုန်းသည် ၂၀၀၈–၂၀၀၉ တွင် ၃.၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၁–၁၂ တွင် ၅.၅ ရာခိုင်နှုန်း ဖြစ်လာကာ ၂၀၁၂–၀၃ တွင် ၆.၃ ရာခိုင်နှုန်းအထိ ဆက်လက် တိုးတက်မည်ဟု မျှော်မှန်းရသည်။ ထုတ်လုပ်မှုဘက်တွင် စက်မှုလက်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများ၏ အရှိန်အဟုန်ကြောင့် တိုးတက်မှု ရရှိခဲ့ခြင်းဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်မှုနှုန်းသည် ၂၀၀၉–၁၀ တွင် ၄.၇ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀–၁၁ နှင့် ၂၀၁၁–၁၂ တွင် တစ်နှစ်ပျမ်းမျှ ၄.၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့သည်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လက အချို့ အရပ်ဒေသများတွင် ရေလွှမ်းမိုးခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍ၏ အမှန်တကယ် တိုးတက်မှုနှုန်းကို ထိခိုက်စေနိုင်သည်။ ဝယ်လိုအားဘက်၌ ၂၀၁၂ ခုနှစ်၊ ဧပြီလက ကျင်းပခဲ့သော ရွေးကောက်ပွဲမတိုင်မီက ဘဏ္ဍာရေးအသုံးစရိတ် မြင့်မားခဲ့ခြင်း၊ ကုန်စည်ပို့ကုန်များ တိုးတက်လာခြင်း၊ ရင်းနှီးမြှုပ်နှံမှု မြင့်မားလာခြင်းတို့ကို တွေ့ရသည်။

## ငွေဖောင်းပွမှု

ငွေဖောင်းပွမှုသည် ဆက်လက် နိမ့်ကျခဲ့သော်လည်း မကြာမီလများတွင် ပြန်တက်လာကာ ယခင်ဘဏ္ဍာရေးနှစ်ကထက် ပိုမိုမြင့်မားလာမည်ဟု မျှော်လင့်ရသည်။ ၂၀၁၀–၁၁ တွင် ၈.၉ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၁–၁၂ တွင် ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရာ ၂၀၁၂–၁၃ နှစ်အစတွင် အစားအစာဈေးနှုန်းများ ကျဆင်းခြင်း၊ လိုငွေကို ငွေစက္ကူရိုက်နှိပ်မှု လျော့ကျသွားခြင်းတို့ကြောင့်

m...com

ဖြစ်သည်။ သို့သော် နိုင်ငံတကာ အစားအစာ ဈေးနှုန်းများ မြင့်မားလာခြင်း၊ အိမ်ရာကဲ့သို့သော အစားအစာ မဟုတ်သည့် ကုန်စည်များလည်း ဈေးနှုန်းတက်လာခြင်းတို့ကြောင့် မကြာမီက ပြန်တက်လာခဲ့ခြင်း ဖြစ်သည်။ ဩဂုတ်လတွင် ငွေဖောင်းပွမှုနှုန်း ၂.၂ ရာခိုင်နှုန်း ရရှိခဲ့သည်။ ၂၀၁၂–၁၃ ဘဏ္ဍာနှစ်အကုန် အတွက် ယခင်နှစ်ကထက် မြင့်မားသော ၆.၁ ရာခိုင်နှုန်းကို ရရှိမည်ဟု ခန့်မှန်းသည်။

## ငွေရေးကြေးရေးနှင့် ငွေလဲလှယ်နှုန်း တိုးတက်ဖြစ်ထွန်းမှု

အခြေခံအဆင့်မျှသာ ရှိသေးသော်လည်း ငွေကြေးမူဝါဒ ကျင့်သုံးပုံသည် နိုင်ငံအဆင့် စီးပွားရေး တည်ငြိမ်မှု၌ လိုက်လျောညီထွေ ရှိသည်။ အထူးသဖြင့် သီးသန့်ငွေသားအချိုး လိုအပ်ချက်နှင့် အတိုးနှုန်း ထိန်းချုပ်မှုတို့ကဲ့သို့သော တိုက်ရိုက်ငွေကြေးမူဝါဒ လက်နက်များကို အားကိုးအားထား အပြုများသည့် ၂၀၁၁–၁၂ တွင် ငွေကြေးပမာဏ (M2) တိုးတက်မှုသည် ၂၆.၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ရာ ၂၀၁၁–၁၂ တိုးတက်မှု ၃၆.၃ ရာခိုင်နှုန်းထက် လျော့ကျသွားခဲ့ခြင်း ဖြစ်သည်။ ၂၀၁၂–၁၃ တွင် ၂၈.၆ ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်လင့်ရသည်။ နှစ်ပေါင်းများစွာ အစိုးရသို့ အသားတင်ချေးငွေက များပြားနေခဲ့ရာမှ ပထမအကြိမ် အမြင်ဖြင့် ပုဂ္ဂလိကကဏ္ဍသို့ ချေးငွေတိုးတက်မှုက ပိုမိုသာလွန်ခဲ့သည်။ ၂၀၁၀–၁၁ တွင် ၆၅.၄ ရာခိုင်နှုန်း၊ ၂၀၁၁–၁၂ တွင် ၆၀.၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ နှိုင်းယှဉ်ကြည့်စရာမှာ အစိုးရသို့ အသားတင်ချေးငွေသည် ၂၀.၅ ရာခိုင်နှုန်းနှင့် ၁၆.၆ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့သည်။ ယခင်က ၁၂ ရာခိုင်နှုန်းရှိသော အတိုးနှုန်းကို ၂၀၁၂–၁၃ နှစ်စတွင် ၁၀ရာခိုင်နှုန်းသို့ ချခဲ့သည်။ ထို့အပြင် ၂၀၁၁ စက်တင်ဘာလမှာ အပ်ငွေနှင့် ချေးငွေအပေါ် သတ်မှတ်သော အတိုးနှုန်းကို ၄ ရာခိုင်နှုန်း ချပေးခဲ့ရာ ၈ ရာခိုင်နှုန်းနှင့် ၁၃ ရာခိုင်နှုန်းတို့ ဖြစ်သွားခဲ့သည်။ စက်တင်ဘာလတွင် ငွေချေးစာချုပ်များရရှိသော အတိုးနှုန်းသည် အပ်ငွေများအပေါ်ပေးသော အတိုးနှုန်းထက် မြင့်မားခဲ့သည်။ သို့ဖြစ်ရာ ဘဏ်များက ငွေကြေးစာချုပ်များကို ဝယ်ယူလိုစိတ် ဖြစ်ပေါ်ခဲ့ပြီး လိုငွေကို ငွေစက္ကူရိုက်နှိပ်မှု လျော့ကျစေနိုင်သည်။

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ငွေဖလှယ်နှုန်းနှင့် ပတ်သက်၍ သမိုင်းတွင်သော ပြုပြင်ပြောင်းလဲမှုကို ပြုလုပ်ခဲ့သည်။ စီမံကွပ်ကဲမှုအောက်မှ နှုန်းရှင်မျှောသော ငွေဖလှယ်နှုန်း စနစ်ကို ချမှတ်ကျင့်သုံးခဲ့ရာ ကျပ်ငွေကို ဈေးကွက်အခြေအနေနှင့် အနီးစပ်ဆုံး ဖလှယ်နှုန်း အတိုင်း လဲလှယ်စေနိုင်သည်။ တစ်ခုတည်းသော ငွေဖလှယ်နှုန်းဖြစ်ရေးအတွက် ဤ ဆောင် ရွက်ချက်သည် အရေးပါသည်။ ဤပြုပြင်ပြောင်းလဲမှု မပြုလုပ်မီက တရားဝင် ငွေလဲနှုန်း အမျိုးမျိုးဖြစ်နေပြီး စီးပွားရေး အဆောက်အအုံအတွင်းရှိ လူအမျိုးမျိုး၊ အခြေအနေအမျိုးမျိုး ကိုလိုက်၍ ခွဲခြားကျင့်သုံးခဲ့သည်။

ဥပမာ– နိုင်ငံခြားငွေလက်မှတ် (FEC)ကို နိုင်ငံခြားသားများ ကျပ်ငွေသုံးစွဲမှုကို ဟန့်တား ရန်အတွက် ရည်ရွယ်ထုတ်ဝေခဲ့သည်။ ယခုလောလောဆယ် ဆောင်ရွက်နေသော စီးပွားရေး

mgyoe.com

mgyoe.com

ပြုပြင်ပြောင်းလဲမှု အစီအစဉ်၏ တစ်စိတ်တစ်ဒေသအအဖြစ် ကျန်ရှိနေသည့် နိုင်ငံခြားငွေလဲလှယ်ရေးဆိုင်ရာ အဖုအထစ်များကိုဖယ်ရှား၊ နိုင်ငံခြားငွေလက်မှတ်ကို ဖြည်းဖြည်းချင်း လျှော့ချကာ ၂၀၁၃ ခုနှစ်အကုန်တွင် တစ်ခုတည်းသောဖလှယ်နှုန်းကို ဖြစ်ပေါ်စေသည်။ ငွေလဲလှယ်နှုန်းအသစ်ကို စတင်ကျင့်သုံးပြီးနောက် ပထမပိုင်းလများတွင် ငွေလဲလှယ်နှုန်း အတော်အတန် တည်ငြိမ်မှုရှိသည်။ အစပိုင်းတွင် တက်ရိပ်ပြခဲ့သဖြင့် မူဝါဒချမှတ်သူများ စိုးရိမ်သကဲ့သို့ ပို့ကုန်လုပ်ငန်းရှင်များကလည်း ပြိုင်ဆိုင်နိုင်စွမ်းလျော့ကျမည်ကို ပူပန်ခဲ့ကြ သည်။ မကြာသေးမီက သွင်းကုန် အဟန့်အတားများကို ဖယ်ရှားပြီးနောက် သွင်းကုန်များ ဆက်တိုက်တက်လာရာ ကျပ်ငွေသည် တန်ဖိုးကျဆင်းစ ပြုလာခဲ့သော်လည်း ခပ်မှန်မှန်ဖြစ်နေသည်ကို တွေ့ရသည်။ နှုန်းရှင်မျောချိန်ကနှင့် နှိုင်းယှဉ်လျှင် ငွေလဲနှုန်း ၄% ခန့် ကျဆင်းသွားခဲ့သည်။ ၂၀၁၂ နိုဝင်ဘာလ ၃၁ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၈၅၂ ကျပ်နှုန်း လဲလှယ်ခဲ့ရာ ဧပြီလတွင် ပထမဆုံးမျောစဉ်က ၈၁၉ ကျပ်နှုန်းနှင့် လဲလှယ်သည်။

## ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှု

၂၀၁၀–၁၁ တွင် အစိုးရ၏ စုပေါင်းဘတ်ဂျက် လိုငွေသည် ဂျီဒီပီ၏ ၅.၅% ရှိရာမှ ၂၀၁၁–၁၂ တွင် ၆% အထိ တက်သွားခဲ့သည်။ အစိုးရ၏ စုစုပေါင်းဘဏ္ဍာရငွေသည် ဂျီဒီပီ၏ ၁၃.၀% သာရှိသော်လည်း အသုံးစရိတ်သည် ၁၈.၄% မှ ၁၀% သို့ တက်သွားခဲ့သည်။ ထို့ကြောင့် အစိုးရက အများပြည်သူအပေါ် တင်ရှိနေသော ကြွေးမြီသည် ၂၂.၉% မှ ၂၅.၁%သို့ တက်လာခဲ့သည်။ ၂၀၁၂–၁၃ ဘဏ္ဍာနှစ် ကုန်ဆုံးလျှင် ၅.၃% ဖြစ်ကာ ၂၀၁၁–၁၂ ထက် သက်သာမည်ဟု မျှော်လင့်ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ အကြောင်းတရား များစွာရှိသည်။

ပထမအချက်အနေဖြင့် ၂၀၁၂–၁၃ ဘတ်ဂျက်တွင် အထူးသဖြင့် သဘာဝဓာတ်ငွေ့အပါအဝင် ပို့ကုန်မှ ဝင်ငွေသိသိသာသာ တိုးပွားလာခဲ့သည်။ ငွေလဲလှယ်နှုန်းအသစ်ကို ပြောင်းလဲ ကျင့်သုံးသဖြင့် တန်ဖိုးဖြတ်ရာတွင် မြင့်မားသော ငွေလဲနှုန်းကို ကျင့်သုံးနိုင်ခဲ့သည်။ ဒုတိယအချက်အနေဖြင့် အစိုးရသည် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများက ဝယ်ယူသော ကုန်ကြမ်းများ ဝယ်ယူရာတွင် ထောက်ပံ့မှု မပြုတော့ပေ။ အထူးသဖြင့် ယခင်က ရာနှုန်းပြည့်ရှိခဲ့သော ကုန်ကြမ်းများအတွက် ထောက်ပံ့ကြေးစရိတ်သည် ၂၀၁၂–၁၃ ဘတ်ဂျက်တွင် ၂၂% အထိ ကျဆင်းသွားခဲ့သည်။ နောက်ဆုံးတွင် ၂၀၁၂–၁၃ ဘတ်ဂျက်တွင် ပညာရေးနှင့် ကျန်းမာရေး အသုံးစရိတ်များကို ပိုသုံးခဲ့သော်လည်း အခြားအသုံးစရိတ်များ လျှော့ချမှုကြောင့် တစ်စိတ်တစ်ဒေသ ကာမိခဲ့သည်။

## ပြည်ပငွေပေးငွေယူ အခြေအနေ

မြန်မာနိုင်ငံ၏ သာမန်ငွေပေးငွေယူ စာရင်းလိုငွေသည် တိုးပွားနေပြီး နိုင်ငံတကာသီးသန့်ရန်ပုံငွေသည် အခြေအနေကောင်းမွန်လျက် ရှိသည်။ သာမန်စာရင်း လိုငွေသည် ၂၀၁၁

mgyoe.com

–၁၂ တွင် ၁.၂% မှ ၂၀၁၁–၁၂ တွင် ၂.၅% သို့ တိုးလာခဲ့သည်။ သွင်းကုန်တိုးတက်မှုနှုန်း ၂၄.၄% က ပို့ကုန်တိုးတက်မှုနှုန်း ၁၃.၃% ထက် မြန်ဆန်နေသောကြောင့် ဖြစ်သည်။ အစိုးရက သွင်းကုန်အပေါ်ရော၊ ပို့ကုန်အပေါ် ကန့်သတ်ချက်များ လျှော့ပေးခဲ့သော်လည်း သွင်းကုန်ကို ပို၍ တင်သွင်းမှုများ ပြုလုပ်ခဲ့ကြောင်း တွေ့ရသည်။ ၂၀၁၂–၁၃ တွင် သာမန်စာရင်း ပိုငွေသည် ဂျီဒီပီ၏ ၃.၉% ဖြစ်သွားနိုင်သည်။ သာမန်စာရင်းတွင် လိုငွေပြနေသော်လည်း စုစုပေါင်း နိုင်ငံတကာ သီးသန့်ငွေတွင် တိုးပွားလျက်ရှိရာ ၂၀၁၂–၁၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅.၁ ဘီလီယံရှိမည်ဖြစ်ရာ သွင်းကုန် ၃.၃ လစာနှင့် ညီမျှသည်။

ယခင်က စီးပွားရေးပိတ်ဆို့မှု ရှိနေခြင်းကြောင့် ငွေလုံးငွေရင်း စာရင်းတွင် လှုပ်ရှားမှု အနည်းငယ်ကိုသာ တွေ့ရသည်။ သို့သော် မကြာသေးမီက ပြုပြင်ပြောင်းလဲမှုများကြောင့် ယခုအခါ ငွေလုံးငွေရင်း စာရင်း၌ ပြည်ပငွေပေးငွေယူ ရှင်းတမ်းအပေါ် သိသိသာသာ အကျိုးသက်ရောက်မှုများ ရှိနေသည်ကို တွေ့ရသည်။ စတော့ရှယ်ယာ အရောင်းအဝယ်များ မရှိသေးသဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာခြင်းကိုသာ တွေ့နေရသည်။ ၂၀၁၁–၁၂ က ပြည်ပငွေပေးငွေယူ ရှင်းတမ်းတွင် လိုငွေသည် ဂျီဒီပီ၏ ၁.၀ ရာခိုင်နှုန်း ပြခဲ့သည်။ သို့သော် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ၃.၈ ရာခိုင်နှုန်း မှ ၄.၅ ရာခိုင်နှုန်း အထိ တိုးပွားလာမည်ဟု ခန့်မှန်းရသဖြင့် ၂၀၁၂–၁၃ တွင် ပြည်ပငွေပေးငွေယူ ရှင်းတမ်းတွင် ပိုငွေ ၂.၁ ရာခိုင်နှုန်း ရရှိမည်။

## ရှေ့အလားအလာနှင့် စိန်ခေါ်မှုများ

စွမ်းရည်အကန့်အသတ်က ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရာတွင် အဟန့်အတားဖြစ်ကာ နိုင်ငံအဆင့် စီးပွားရေးကို ထိခိုက်စေနိုင်သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အနီးကပ်စောင့်ကြည့်ခြင်း အပါအဝင် နိုင်ငံအဆင့် စီးပွားရေးကိစ္စများ၌ အကူအညီပေးလျက် ရှိသည်။

ဒုတိယအချက်အနေဖြင့် နိုင်ငံရေးနယ်ပယ်က အခြေအနေများကြောင့် နိုင်ငံအဆင့် စီးပွားရေး အစီအစဉ်များကို ထိခိုက်မှုဖြစ်စေနိုင်သည်။ အထူးသဖြင့် ကိုယ်ကျိုးစီးပွား ထိခိုက်သူများ ပေါင်းမိကာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းရှင်များကို ကပြောင်းကပြန် ဖြစ်စေရန် ကြိုးပမ်းအားထုတ်မှုများ ပေါ်ပေါက်လာနိုင်သည်။ နယ်စပ်ဒေသအချို့တွင် ပဋိပက္ခများ အရှိန်မြင့်လာမည့် အလားအလာနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ် ရေးထိုးထားသော နေရာများတွင် ပဋိပက္ခ ပြန်လည်ပေါ်ပေါက်လာမည့် အန္တရာယ်များလည်း ရှိနေသည်။

mgyoe.com

mgyoe.com

# ၁

# မြန်မာပြည်မှာလာပြီး ရင်းနှီးမယ်ဆိုရင်

တရုတ်နိုင်ငံ၊ ယူနန်တက္ကသိုလ်က ဆွေးနွေးပွဲဖိတ်ကြားတဲ့အခါ နိုင်ငံခြားဆက်ဆံရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စာနယ်ဇင်းတွေရဲ့ အခန်းကဏ္ဍ ဆိုပြီး အပိုင်း ၃ ပိုင်းခွဲ ဆွေးနွေးကြမယ်။ မြန်မာဘက်ကလည်း စာတမ်း ၄ စောင်နဲ့ သုံးသပ်ချက် ၃ ခုပေးပါလို့ ပြောတယ်။ ကိုယ့် အချင်းချင်း ခွဲတမ်းချကြတဲ့အခါ ရင်းနှီးမြှုပ်နှံမှုဆိုတဲ့ ခေါင်းစဉ်ကို တာဝန်ကျတယ်။

သူပေးထားတဲ့ ခေါင်းစဉ်က အကြီးကြီးပဲ။ မြန်မာတွေရဲ့ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေအပေါ် အမြင်၊ တရုတ်အစိုးရနဲ့ စီးပွားရေး လုပ်ငန်းရှင်တွေအတွက် အကြံပြုချက်၊ လက်တွေ့ အခက်အခဲတွေကနေ ဘယ်လိုလွတ်အောင် လုပ်မလဲ၊ အနာဂတ်မှာ အလားတူ အန္တရာယ်တွေနဲ့ မတွေ့အောင် ဘယ်လိုလုပ်ရမလဲတဲ့။

ဒါနဲ့ ခေါင်းစဉ်ကြီးက သိပ်ကြီးပါတယ်။ ကျွန်တော့်ဆီက သိပ်ပြီးတော့ မမျှော်လင့်ပါနဲ့။ ပြီးတော့ တရုတ် ရင်းနှီးမြှုပ်နှံသူတွေကို တစ်မျိုးပြော၊ တခြား ရင်းနှီးမြှုပ်နှံသူတွေကို တစ်မျိုးပြောတာမျိုးလည်း မဖြစ်ချင်ဘူး။ အားလုံးကို ခြုံပြောတာမျိုးပဲ ဖြစ်ချင်ပါတယ်လို့ နိဒါန်းချီလိုက်ပါ

mgyoe.com

တယ်။ အခု မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကို အချက် ၃ ချက်အပေါ် အခြေခံပြီး ရှင်းပြချင်တယ်။ အဲဒါတွေကတော့ အခင်းအကျင်းသစ်၊ ကစားသမားအသစ်တွေနဲ့ ကစားနည်းအသစ်တွေပါလို့ ပြောလိုက်ပါတယ်။

အခင်းအကျင်းသစ်နဲ့ ပတ်သက်လို့ စပြီးပြောရရင် မူဝါဒချမှတ် အကောင်အထည်ဖော်တဲ့ နေရာတွေမှာ မြန်မာနိုင်ငံဟာ ဟိုတုန်းက ကြုံတွေ့ခဲ့၊ ရှိခဲ့တဲ့ အမှားတွေ အများကြီးကို ပြင်ဆင်နေတယ်။ မြန်မာနိုင်ငံဟာ ပြုပြင်ပြောင်းလဲမှုတွေ၊ ဒီမိုကရေစီကို ဦးတည်ပြီး စမ်းသပ်ဆောင်ရွက်မှုတွေ ပြုလုပ်နေတာကို မေ့မထားသင့်ဘူး။ ဟိုတုန်းက မြန်မာမီဒီယာတွေနဲ့ ပြည်သူတွေဟာ အရင်အစိုးရနဲ့ တရုတ်ကော်ပိုရေးရှင်းကြီးတွေ ဘာသဘောတူညီချက်တွေ ရှိခဲ့ကြတယ်ဆိုတာကို သတိမထားမိခဲ့ကြဘူး။ အခုဆို တရုတ်ကုမ္ပဏီတွေ၊ စီးပွားရေး လုပ်ငန်းရှင်တွေဆီကနေ သတင်းအချက်အလက်တွေ ပိုပြီးသိချင်ကြတယ်။ ပြီးတော့ ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု ဘယ်လိုရှိသလဲ၊ လူတွေအပေါ် ဘယ်လိုအကျိုးသက်ရောက်မှု ရှိသလဲဆိုတာ လေ့လာဆန်းစစ်မှုတွေ လုပ်ဖို့လိုအပ်တဲ့အကြောင်း ပိုပြီး သဘောပေါက် နားလည်လာကြတယ်။ အခုလို အခင်းအကျင်းသစ်တွေကို ထည့်တွက်ဖို့လိုတယ်။

ကစားသမား အသစ်တွေဆိုတာက ဟိုတုန်းကလိုပဲ ပြည်ထောင်စုအစိုးရ တစ်ခုတည်းရှိတဲ့ စနစ်မဟုတ်တော့ဘူး။ ဗဟိုအစိုးရရယ်၊ ဒေသန္တရ အစိုးရတွေရယ်ရှိတယ်။ ပြီးတော့ ပြည်ထောင်စုလွှတ်တော် ရှိတယ်။ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် ရှိတယ်။ ဒေသဆိုင်ရာ လွှတ်တော်တွေ ရှိတယ်။ ပြီးတော့ နိုင်ငံရေးပါတီတွေနဲ့ တက်ကြွလှုပ်ရှားသူတွေ၊ အရပ်ဘက် အဖွဲ့အစည်းတွေ ရှိတယ်။ စာနယ်ဇင်းလို့ ပြောရင် အရင်က အစိုးရပိုင်ပဲရှိရာက အခု ပုဂ္ဂလိက ဂျာနယ်တွေ ရှိတယ်။ ဧပြီလဆန်းရင် ပုဂ္ဂလိကသတင်းစာတွေ ထွက်လာမယ်။ တရုတ်နိုင်ငံ ရောက်ကတည်းက Facebook သုံးလို့မရတော့ Facebook ပေါ်က မဆင်းတဲ့သူ ဒုက္ခရောက်နေပြီဆိုတော့ ရယ်ကြတယ်။ လူမှုရေးမီဒီယာတွေ ရှိတယ်။ ပြောနေကျအတိုင်း ပြောရရင် ပြည်သူလူထုအသံတွေ (Voices) တွေရော၊ ဆူညံသံ (Noises) တွေရော ရှိတယ်။ အသံနဲ့ ဆူညံသံကို ခွဲတတ်ဖို့၊ ခွဲနိုင်ဖို့ဟာ အရေးတကြီးကိစ္စ ဖြစ်လာတယ်။

စီးပွားရေး နယ်ပယ်မှာ အရင်က စီးပွားရေးပိတ်ဆို့မှုတွေ လုပ်ခဲ့ကြတဲ့ နိုင်ငံတွေက စီးပွားရေးပိတ်ဆို့မှုတွေ ရုပ်သိမ်းခဲ့ကြတဲ့အတွက် ဩစတြေးလျ၊ ဥရောပနဲ့ အမေရိကန် ရင်းနှီးမြှုပ်နှံသူတွေ ပေါ်ပေါက်လာတော့မယ်။

လုပ်ငန်းတွေ၊ လုပ်ပုံကိုင်ပုံတွေ ပြောင်းလာပြီး မြင်သာထင်သာရှိဖို့၊ တာဝန်ယူမှုရှိဖို့တွေ ကျယ်ကျယ်လောင်လောင် ပြောလာကြပြီ။ အလုပ်သမားတွေ သင့်တင့်မျှတတဲ့ လုပ်ခတွေရရှိဖို့၊ ကောင်းမွန်တဲ့ ပတ်ဝန်းကျင်တွေ၊ အလုပ်ခွင်တွေ ဖန်တီးပေးဖို့၊ အလုပ်ရှင်နဲ့ အလုပ်သမား နွေးထွေးတဲ့ ပတ်ဝန်းကျင်တွေရှိဖို့ လိုအပ်လာတယ်။ ကုမ္ပဏီတွေဟာ လူမှုရေးတာဝန် ကျေပွန်ဖို့ လိုအပ်တယ်။ (တရုတ်ကုမ္ပဏီတစ်ခုက သူတို့ဆောင်ရွက်ခဲ့၊ ဆောင်ရွက်နေတဲ့ လူမှုရေးတာဝန် ထမ်းဆောင်မှုတွေကို ရှင်းပြတယ်။) အခုဆိုရင် မြန်မာနိုင်ငံဟာ သဘာဝသယံဇာတ ထုတ်ယူ

mgyoe.com

mgyoe.com

မှုတွေဟာ မြင်သာထင်သာရှိရေး၊ နိုင်ငံတကာ လှုပ်ရှားမှုနဲ့ ပူးပေါင်းဖို့ ပြင်ဆင်နေပြီ။

ပြီးတော့ မြန်မာနိုင်ငံမှာ အလုပ်လုပ်တော့မယ်ဆိုရင် မြန်မာတို့ရဲ့ ဓလေ့ထုံးစံတွေကို သိဖို့၊ နားလည်ဖို့ ကောင်းတယ်။ မန္တလေးဆိုတာ မြန်မာဘုရင်တွေ နောက်ဆုံးထီးနန်းစံခဲ့တဲ့ နေရာဖြစ်တယ်။ မျိုးချစ်စိတ်ဓာတ် ထက်သန်တယ်။ မုံရွာဆိုတာလည်း နိုင်ငံရေး၊ ဘာသာရေး အခြေခံ ခိုင်မာနက်ရှိုင်းမှု ရှိတယ်။ (ယူနန်တက္ကသိုလ် ဒုတိယအကြီးအကဲကတော့ မြန်မာလူမျိုးတွေ ဒီလောက်ဖြစ်ရအောင် တရုတ်တွေက ဘာတွေ သွားလုပ်ခဲ့ကြသလဲ ဆိုတာကို အတော် စိတ်ဝင်တစား မေးမြန်းပါတယ်။)

မြန်မာနိုင်ငံကို ရောင်းချမယ့် ထုတ်ကုန်တွေ အရည်အသွေးရှိ စံချိန်စံညွှန်းကိုက်ပြီး စားသုံးသူတွေကို ဒုက္ခမပေးဖို့ လိုတယ်။ မြန်မာပြည်သူပြည်သားတွေ ယုံကြည်စိတ်ချမှု ရရှိအောင် ကြိုးပမ်းကြဖို့၊ ဒေသခံတွေနဲ့ ဆက်ဆံရေး ကောင်းဖို့တွေကလည်း လိုအပ်တဲ့အကြောင်း ပြောပြခဲ့ပါတယ်။ သဘာပတိလုပ်တဲ့ ပီကင်းတက္ကသိုလ် နိုင်ငံတကာရေးရာဌာန ပါမောက္ခ Yan Baoyn က စောစောက အပိုင်း ၃ ပိုင်းစလုံးကို သဘောတူပါတယ်ဆိုမှ ဟင်းချနိုင်တယ်။ ဘယ်သူမှထပ်ပြီး မမေးလို့ တော်ပါသေးရဲ့။ Power Point ကို အင်္ဂလိပ်လို တင်ထားပြီး မြန်မာလို တစ်ကြောင်းချင်း ပြောတာကို တရုတ်လို ဘာသာပြန်ပေးတဲ့ ပီကင်းတက္ကသိုလ်က ဆရာမရဲ့ ကျေးဇူးလည်း ပါတာပေါ့။

mgyoe.com

mgyoe.com

# ယူနန်ပြည်နယ် တစ်ခေါက်

လွန်ခဲ့တဲ့ ၃ နှစ်လောက်က မြန်မာနိုင်ငံ နယ်စပ်မြို့ဖြစ်တဲ့ မူဆယ် ကနေ ရွှေလီ၊ ကြယ်ဂေါင်၊ မန်စီအထိ မြန်မာမိတ်ဆွေတွေက လိုက်ပို့လို့ တရုတ်နိုင်ငံကို ရောက်ခဲ့ဖူးပါရဲ့။ တခြားနိုင်ငံတွေကို နှစ်ခေါက်၊ သုံးခေါက်လောက် ရောက်ဖူးနေတာတောင် တရုတ်နိုင်ငံကို တစ်ခေါက်မှ မရောက်ဖူးသေးဘူးဆိုတော့ တရုတ်သံအမတ်ကြီးက အံ့သြလို့။ ဒါနဲ့ပဲ ယူနန်တက္ကသိုလ်ကဖိတ်တဲ့အထဲ ထည့်လိုက်ပုံရပါတယ်။ အိမ်နီးချင်း တရုတ်နိုင်ငံကို ရောက်ဖူးချင်တာ ကြာပြီ။ ရာသီဥတုဒဏ်၊ အစားအသောက် (ကိုယ်က ဝက်သားမစားဘဲကိုး။) စကားပြန်ကိစ္စတွေကလည်း ရှိနေတယ်ဆိုတော့ သွားရမှာ ခပ်ခက်ခက်ပါ။ အခုတော့ အဲဒါတွေအတွက် သိပ်ပူစရာ မလိုတော့ဘူး။

mgyoe.com

mgyoe.com

ဒါပေမဲ့ ရာသီဥတု အတော်အေးတယ်။ အနွေးထည် ယူလာပါဆိုလို့ ရှိသမျှ အနွေးထည်တွေ အကုန်ထုတ်၊ ဝယ်သင့်တာ ထပ်ဝယ်ပြီး ပြင်ဆင်ထားပါတယ်။

ယူနန်တက္ကသိုလ်က အစောကြီးကတည်းက အစီအစဉ်တွေ ပို့ထားပေမဲ့ အခါအား လျော်စွာ အပြောင်းအလဲတွေ လုပ်ရတာပါပဲ။ လေယာဉ်လက်မှတ်လည်း e-ticket အနေနဲ့ အစောကြီးပို့ထားတယ်။ သူ့ရဲ့ e-ticket က တကယ်ကို အီလက်ထရွန်နစ်လက်မှတ် ပီသ ပါပေတယ်။ ဘာ စာရွက်စာတမ်းမှ ထုတ်စရာ ပြစရာမလို။ တရုတ်လေကြောင်းလိုင်း (China Eastern) ကောင်တာကို ကိုယ့်ရဲ့ နိုင်ငံကူးလက်မှတ် ပြလိုက်ရုံနဲ့ ပြီးပါတယ်။ ထုံးစံအတိုင်း ခပ်စောစောလေး လေဆိပ်အရောက်သွားပါတယ်။ အဲဒီနေ့က ပတ္တမြားအက်ဖ်အမ်မှာ အသံ သွင်းဖို့ ကိစ္စတွေ ဘာတွေနဲ့ အလုပ်ကရှုပ်၊ သွားခါနီး လာခါနီး သွေးကတိုးနေသေး။ လေဆိပ် ရောက်မှပဲ နေ့လည်စာ စားရတယ်။ လေဆိပ်ထွက်ခွာခန်းမနားက တစ်ခုတည်းသော စား သောက်ဆိုင်က ကလေးမလေးတွေက သူတို့ဘာသူတို့ ဘာတွေပြောဆိုနေကြတယ် မသိကြ ပါဘူး။ တော်တော်ကို ကျယ်ကျယ်လောင်လောင် ဆွေးနွေးနေကြတာ တွေ့ရတယ်။

အဖွဲ့သားတစ်ယောက် နောက်ကျလို့ ဝင်ခွင့်မရ ဖြစ်နေချိန်မှာ သူ့ထက်နောက်ကျတဲ့ အဖွဲ့သူတစ်ယောက်က မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ခေါ်ဆောင် ဝင်ရောက်လာလို့ တော်ပါသေး ရဲ့။ တရုတ်လေယာဉ်ရဲ့ ထူးခြားချက်က ရုပ်မြင်သံကြား မကြည့်ရတာပါ။ ကူမင်းလေဆိပ် ရောက်ရောက်ချင်း အအေးဓာတ်ကို ခံစားရပေမဲ့ Stone Forest က ဘက်ထရီသုံး ကားပေါ် မှာတော့ ဒေသခံတွေပါမကျန် အော်ဟစ်ရလောက်အောင် အေးတာပါ။ ကူမင်းလေဆိပ်မှာ လာကြိုတဲ့ ယူနန်တက္ကသိုလ် ပါမောက္ခက ဟောင်ကောင်တက္ကသိုလ်မှာ ဆုံခဲ့ဖူးတဲ့ မိတ်ဆွေ ဟောင်း ဖြစ်နေလေတော့ ဝမ်းပန်းတသာ နှုတ်ဆက်ကြတယ်။

ကူမင်းလေဆိပ်ကနေ မြို့ထဲကို မိနစ်လေးဆယ်လောက် သွားရတယ်။ ဟိုတယ်မှာ အိတ်တွေချပြီး ညစာကျွေးတယ်။ စိတ်ထဲမှာ နိုင်ငံခြား ရောက်နေတယ်လို့ သိပ်မခံစားရဘူး။ တရုတ်တန်း အကြီးကြီး ရောက်နေတာနဲ့ တူတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုနဲ့လည်း မတူလှပါဘူး။ ဒါတောင် တိုင်းရင်းသား ၂၆ မျိုးရှိတဲ့ ယူနန်ပြည်နယ်ဟာ အဆင်းရဲဆုံး ပြည်နယ်တဲ့။

နောက်တစ်နေ့ နံနက် ၈ နာရီမှာ နံနက်စာ စားကြမယ်ဆိုတော့ မြန်မာစံတော်ချိန် ၆ နာရီခွဲပေါ့။ ကိုယ်စားနေကျ အချိန်ပဲ။ ဒါပေမဲ့ ၈ နာရီထိုးမှ စားရမယ်ဆိုရင် နောက်မကျဘူးလား လို့ တွေးမိတယ်။ တကယ်တမ်းကျ ၈ နာရီဆိုတာတောင် သိပ်လင်းတာမဟုတ်ဘူး။ ဟိုတယ်က ထွက်လာတဲ့ ၉ နာရီဆိုတာတောင် နှင်းတွေလား၊ မြူတွေလားမသိ ကျနေလေတော့ ဝေဝေ ဝါးဝါးပါ။ ဟိုတယ်နဲ့ မလှမ်းမကမ်းက စင်ရော်တွေအများကြီးရှိတဲ့ ကန်ဘေးမှာ လေ့ကျင့်ခန်း လုပ်နေတဲ့ သူတွေကို ၉ နာရီကျော်တဲ့အထိ တွေ့နေရတော့ ဘယ်အချိန်များ ရုံးတက်ကြမှာပါ လိမ့်လို့ စဉ်းစားမိတယ်။ ရုံးတက်စရာ မလိုတဲ့သူတွေ ဖြစ်ကောင်းဖြစ်မယ်။ ဟိုတယ်ကနေ ၂ နာရီလောက် ကားမောင်းတော့ Stone Forest ကို ရောက်ပါတယ်။ ယူနန် တက္ကသိုလ်က ဆရာ၊ ဆရာမတွေအပြင် စီပီအိုင်က ဆက်ဆံရေးအရာရှိတစ်ယောက် လိုက်လံ ပို့ဆောင်

mgyoe.com

mgyoe.com
စောင့်ရှောက်ကြတယ်။ ကုမ္ပဏီဆက်ဆံရေး အရာရှိက သမီးလေးတစ်ယောက် ခေါ်လာလို့ ကလေးချစ်တတ်သူတွေက အင်္ဂလိပ်လို စကားပြောကြည့်ပေမဲ့ အဆင်မပြေပါဘူး။

Stone Forest မှာ တိုင်းရင်းသူလီလီက ဧည့်လမ်းညွှန်အနေနဲ့ ခေါ်ဆောင်သွားပါတယ်။ တကယ်တော့ ခပ်လှမ်းလှမ်းကတည်းက မြေကြီးထဲကနေ ထွက်လာတဲ့ ကျောက်တုံး ကျောက်ဆောင်တွေ တွေ့တွေ့နေရပြီး ခရီးမဝေးတော့ဘူးဆိုတာ သိပါတယ်။ ရောက်ဖူးပြီးသား အစ်ကိုကြီးတစ်ယောက်ကတော့ အတော်လေး ပြောင်းလဲသွားတယ်လို့ ပြောပါတယ်။ နှင်းတွေကြားချမ်းတာကြောင့် ဦးထုပ်တွေရော၊ လက်အိတ်တွေရော ထုတ်သုံးရတဲ့အထဲမှာ မိုးကလည်း ခဏခဏရွာတယ်။ လက်ဖြန့်ခံလိုက်တော့ လက်ထဲမှာ ရေခဲတုံး အသေးလေးတွေ ပါလာတယ်။

အဝင်ဝမှာ ကျောက်ဆောင်တွေတွေ့လို့ စပြီး ဓာတ်ပုံတွေ ရိုက်ကြပေမဲ့ အထဲမှာက ပိုပြီးအံ့ဩစရာကောင်းတဲ့ လှပတဲ့ ကျောက်ဆောင်တွေ တွေ့ရတယ်။ ဒဏ္ဍာရီပုံပြင် အချို့ကိုလည်း ဧည့်လမ်းညွှန်က ပြောပြတယ်။ ဈေးဝယ်ဝါသနာပါတဲ့ အဖွဲ့သူတစ်ယောက်က ဒေသထွက် လက်မှုပစ္စည်းတွေ ဝယ်တယ်။ လက်ရာတွေက ကချင်လက်ရာတွေနဲ့ တူတယ်။

Stone Forest ကို လှည့်ပတ်ကြည့်ရှုကြတာ အတော်လေးကြာတော့ သိပ်မချမ်းတော့ဘဲ နေသားကျသွားတယ်။ အပြန်မှာ နေ့လည်စာစားချိန် ရောက်နေလို့ ထင်ရှားကျော်ကြားတဲ့ Yi Niang u XUE CHENG စားသောက်ဆိုင်မှာ ကျွေးတယ်။ ထူးခြားတဲ့ ဟင်းတစ်ခုကတော့ လိပ်သားဟင်းတဲ့။ နေ့လည်စာ စားပြီးချိန်မှာ Jiu Xiang Geographic Park ကို ခရီးဆက်ကြတယ်။ ဘာတွေများ ကြည့်ရမှာပါလိမ့်ဆိုတာ ကြိုမသိဘူး။ ပထမတော့ ချောင်းတစ်ခုရဲ့ ကမ်းပါးမှာ ကပ်ထိုးထားတဲ့ တံတားပေါ် လမ်းလျှောက်၊ ပြီးတော့ ရေစီးကြောင်းအတိုင်း ဂူထဲဝင်၊ ဂူထဲမှာက မီးရောင်စုံ ထွန်းထားတယ်။ မြန်မာပြည်မှာလို ဘာဆင်းတုတော်မှတော့ မရှိ။ သဘောကျတာက ဂူထဲမှာ သမိုင်းကြောင်းတွေ ပြထားတဲ့ ပြခန်းရှိသလို ဆေးခန်းနဲ့ အိမ်သာပါ ရှိတာကို သဘောကျမိတယ်။

ရေတံခွန်နှစ်ခု ဆုံရာကနေ ပြန်လှည့်လာတော့ အတော်ညောင်းပြီ။ ဒါပေမဲ့ ကျောက်ပန်းဆွဲတွေ၊ ပန်းခက်တွေရှိတဲ့ ဂူကြီးတစ်ခုကို အတော်ကြာအောင် ဖြတ်ရပြန်တယ်။ ပြင်ဦးလွင်က ပိတ်ချင်းမြောင်တို့၊ ဘားအံဘက်က ဘုရင့်ညီဂူတို့၊ ဆန္ဒန်ဂူတို့၊ ပြီးတော့ ပင်းတယလိုဏ်ဂူတို့ကို ရောက်ဖူးထားတဲ့သူအနေနဲ့ ဘာမျှ သိပ်ထူးဆန်းတယ်၊ လှတယ်လို့ မထင်မိပါ။ ကျိုက်ထီးရိုးမှာလို ထမ်းစင်သမားတွေ ရှိနေတာကိုကြည့်ရင် ဘယ်လောက်ဝေးမယ်ဆိုတာ စဉ်းစားသာကြည့်ပေတော့။ ဓာတ်ပုံတွေလည်း အများကြီးရိုက်ခဲ့ပေမဲ့ ဂူထဲဆိုတော့ အလင်းရောင် သိပ်မကောင်းလှပါ။ မီးရောင်စုံတွေ ထွန်းပေးထားတာ လှသလိုလိုပါပဲ။ တချို့နေရာတွေက သဘာဝကို လူက ပြုပြင်ထားပုံ ရပါတယ်။

mgyoe.com

mgyoe.com

ဂူထဲဖြတ်ရတာ ကြာလာတော့ မျက်စိလည်နေသလားတောင် ထင်မိရဲ့။ ဂူဝမှာ အပြင်ဘက်က အလင်းရောင်ကို တွေ့တော့ အတော်မောလှ၊ ညောင်းလှပြီ။ ဂူဝမှာစောင့်နေတဲ့ ယူနန်တက္ကသိုလ်က ဆရာတွေ တွေ့မှပဲ စိတ်ကျေနပ်တော့တယ်။ ပြီးတော့ အဖွဲ့သားတစ်ယောက်ပြီး တစ်ယောက် ရောက်လာကြတယ်။ ဒီနေရာရောက်တော့ မင်းတို့ သွားခဲ့တဲ့နေရာကို ငှက်ပျံအပေါ်စီးကနေ ကြည့်ကြဦးဆိုပြီး Cable Car စီးရပြန်တယ်။ အမောသက်သာပေမဲ့ နှစ်ယောက်ထိုင် ဟာလာဟင်းလင်း ထိုင်ခုံတွေမှာက အအေးသား။

mgyoe.com

mgyoe.com

# ငါန်းဖွန်တစ်ခေါက်

ခရီးတွေဆက်နေလို့ အတော်လေးတော့ ပင်ပန်းသား။ ခါတိုင်း ခရီးတွေက သူများက စရိတ်အကုန်ခံပြီး ဖိတ်တာကို ကိုယ်က အကျော့သား သွားရတာပါပဲ။ ဒါပေမဲ့ ဒီခရီးမှာတော့ တခြားခရီးတွေက စုလာဆောင်းလာတာတွေကို ကိုယ့်ဇာတိရပ်ရွာမှာ ပြန်သုံးဖို့။ ကြွေးဟောင်းဆပ်ဖို့၊ ကြွေးသစ်ချဖို့ သွားတာပါ။ မသွားခင်ကတည်းက ဘာများလိုအပ်မလဲလို့ မေးရတာအတန်တန်။ လိုအပ်ကောင်းရဲ့လို့ စဉ်းစားမိသမျှ ပြင်ဆင်ရ၊ ထည့်ရ၊ သယ်ရနဲ့ မမောနိုင် မပန်းနိုင်။ အထူးသဖြင့်တော့ ကိုယ့်ရပ်ကိုယ့်ရွာကသူတွေကိုကိုယ်ရေးတဲ့ စာတွေ၊ ဗဟုသုတတွေ ဖြန့်ဝေရင်တော့ လေးပင်လေးပေမဲ့ စာအုပ်တွေ အများကြီးသယ်သွားပြီး ဝေငှတယ်။ ဟိုတစ်လောက ဟောပြောပွဲ

mgyoe.com

mgyoe.com

သွားတဲ့ မုဒ့်တို့၊ မလေးရှားတို့ကိုလည်းစာအုပ်တွေ သယ်သွားတာပါပဲ။ ကိုယ်ကဖတ်စေချင် တာကိုး။ တစ်နေရာမှာတော့ ရောင်းဖို့ မယူခဲ့ဘူးလားတဲ့။ ရောင်းဖို့အတွက်တော့ အပင်ပန်းခံပြီး မသယ်ချင်ပါဘူး။ ကိုယ့်အရပ်၊ ကိုယ့်ဒေသကို အရင်အခေါက်တွေတုန်းကလည်း စာအုပ်တွေ သယ်သွားပေမဲ့ စာကြည့် တိုက်ထဲကနေအပြင်ကို သိပ်ပြီးရောက်ပုံမရဘူး။ ဒီတော့ ကိုယ်တိုင် ပဲ စာဖတ်မယ့်သူတွေရဲ့ လက်ထဲကို အရောက်ပို့မှဖြစ်မယ်ဆိုပြီး ကျောင်းသားတွေကိုဝေတယ်၊ ဆရာဆရာမတွေကို ပေးတယ်၊ မိတ်ဆွေတွေကို မျှတယ်။ ဟိုတုန်းကရှိခဲ့ဖူးတဲ့ သတင်း မီဒီ ယာတွေ ဘာတွေလည်းအခုမရှိတော့ဘူးထင်ပါရဲ့။

အရင်အခေါက်တုန်းက ပညာထူးချွန်ဆုနဲ့အတူ ကလေးတွေကို မုန့်ပါကျွေးတယ်။ ဒီ တစ်ခေါက်တော့ ရေပဲတိုက်တော့မယ် ဆိုတော့ ကလေးတွေက သဘောကျကြပါတယ်။ အဝီစိ တွင်းတစ်တွင်းကို ကိုယ်ကစရိတ်အကုန်ခံပြီး တူးပေးတယ်။ နောက်လူတွေကပိုက်တို့၊ ရေစုပ် စက်တို့၊ ရေတိုင်ကီတို့ ဝိုင်းလှူကြတယ်။ ကိုယ့်ရဲ့မတည်ငွေကအတန်အသင့် များပေမဲ့ ပြစရာ၊ ကမ္ပည်းထိုးစရာက မရှိဘူး။ ဒါ့ကြောင့် အဝီစိသွားပြီး ကမ္ပည်းထိုးရမယ်ထင်ရဲ့လို့တောင် နောက်မိတယ်။ ထိုရှားပါးတဲ့ အရပ်ဒေသမှာ ကလေးတွေ ရေသောက်ရ၊ အထူးသဖြင့် ရေကြည် ရေသန့်သောက်ရတာတွေ့လို့ စိတ်ချမ်းသာရတယ်။ ဒါအဲဒီတွင်းက ရေပဲဆိုပြီးလာတိုက်တာ တောင် သောက်ဖြစ်အောင် သောက်လိုက်သေး။ ကမ္ပည်းထိုးထားတဲ့ ရေတိုင်ကီကြီးတွေကို လည်း တွေ့ခဲ့ပါတယ်။

အမြန်ကားကြီးက ကျောက်ချောလမ်းဆိုလား၊ မြေလမ်းဆိုလားမသိပါဘူး။ စည်ပင် သာယာရဲ့ အစီအစဉ်နဲ့ ပုဂ္ဂလိကက အများဆုံးစရိတ်ခံ လှူဒါန်းထားတဲ့ လမ်းကနေ မထိ မခိုက်ရအောင် တဖြည်းဖြည်း တရွေ့ရွေ့ဝင်လာတော့ လိုက်လာတဲ့ ငါန်းဇွန်သူငါန်းဇွန်သား တွေက ရောက်ချင်လှပေါ့။ တစ်ညလုံး အိပ်ရေးပျက်ခဲ့ပေမဲ့ အကုန်ထပြီးမျှော်နေကြပြီ။ ဒီလမ်း လေးရှိလို့ မန္တလေး–တံတားဦး–ငါန်းဇွန်–မြို့သာ–ငါန်းမြာသွားရလာရတာ အတော်လေး အဆင်ပြေပေမဲ့ အစိုးရဌာန အောက်မှာ စာရင်းဝင်တဲ့ လမ်းမဟုတ်လေတော့ မျက်နှာ ခပ်ငယ် ငယ်နဲ့ အစိုးရရဲ့ စောင့်ရှောက်မှုကို ခံရပုံမရဘူး။

တံတားဦးဘက်ကစဝင်တော့ ဆက်သွယ်လို့ရသေးတယ်။ ဖုန်းတွေမပြတ်သေးဘူး။ နည်းနည်းလေးသွားမိတော့ ကြားကျသွားပုံရတယ်။ ဆက်သွယ်မှုပြတ်ကုန်တယ်။ ငါန်းဇွန်နား နီးတော့ ဖုန်းလိုင်းပြန်မိတယ်။ ရွာသစ်ရွာနားကနေ လာကြိုတဲ့သူတွေကိုတွေ့နေရပြီ။ ပါလာတဲ့ ဆရာကြီး ဆရာမကြီးသုံးယောက်နဲ့ မိတ်ဆွေ၊ သူငယ်ချင်းတွေကိုအားပါးတရ နှုတ်ဆက်ကြ တယ်။

အင်တာနက်ဖွင့်ကြည့်တော့ အဆင်ပြေနေသမို့ ငါန်းဇွန်အဝင်ကတည်းက လာရောက် ကြိုဆိုကြပုံတွေကို တယ်လီဖုန်းနဲ့ တောက်လျှောက် ဓာတ်ပုံရိုက်၊ ချက်ချင်း Facebook ပေါ် တင်တဲ့၊ ပြန်ကြားရေးတာဝန်တွေကို ထမ်းဆောင်တယ်။ ငါန်းဇွန်မြို့အဝင်မှာ နံနက်စောစောက လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပသွားခဲ့တဲ့ လွတ်လပ်ရေး ကျောက်တိုင်ကို မီးရောင်စုံနဲ့

mgyoe.com

mgyoe.com

တွေ့ရတယ်။ မြို့ဘက်ရောက်တော့ ဆက်သွယ်ရေးတိုင်ကအမြင့် အနိမ့် နှစ်တိုင် ဖြစ်နေပြီး အနိမ့်တစ်တိုင်ကိုတခြားနေရာရွှေ့မယ်လို့ ပြောသံကြားမိပါတယ်။

ဈေးနားမှာတယ်လီဖုန်းနဲ့ အင်တာနက်ချိတ်ဆက်ဖို့ ဝန်ဆောင်မှုပေးတဲ့ဆိုင်လေး တစ်ဆိုင်တွေ့နေရပြီး သူ့ဆိုင်မှာပဲ တယ်လီဖုန်းအလုံး ၅၀ လောက်ကိုဝန်ဆောင်မှုပေးပြီးပြီတဲ့။ အပြေးအလွှားသွားစားနေကျ မသန်းစုတို့ မုန့်တီဆိုင်ကလည်းတယ်လီဖုန်းတွေ ဘာတွေနဲ့။ နောက်ဆို အဝေးကြီးက လှမ်းပြီးမှာလို့ရပြီ။

ဒီတစ်ခေါက် အာစရိယပူဇော်ပွဲမှာ သံဃာတော်နဲ့ သီလရှင်အပါး ၂၀၀ လောက်ကို ဆွမ်းလောင်းပြီး ကွယ်လွန်သူဆရာကြီး၊ ဆရာမကြီးတွေ၊ မိတ်ဆွေတွေကို အမျှဝေပေးတဲ့ အစီအစဉ်တစ်ရပ်လည်း ထည့်သွင်းတိုးချဲ့နိုင်ခဲ့ပါတယ်။ ဆွမ်းမလောင်းမီ ငါန်းဇွန် မန်း ကားဂိတ်က လက်ဖက်ရည်ဆိုင်မှာထိုင်မိတော့ ငါန်းဇွန်–မန္တလေးကားတွေဟာ ခရီးသည်ထက် ကုန်တွေ ကိုအရင်ကလိုပဲအားကိုးနေရတဲ့အကြောင်း၊ လမ်းကောင်းလာတော့ လူအတော် များ များက ဆိုင်ကယ်နဲ့ သွားကြတာများတဲ့အကြောင်း၊ ကုန်တွေကလည်းဟိုတုန်းကလို ငါန်းဇွန်မှာ မစုတော့လို့ ဒိုင်တွေ အလုပ်မဖြစ်၊ ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေနဲ့ မြို့နားအရောက် သယ်ကြ တဲ့အကြောင်း၊ လက်ကိုင်ဖုန်းတွေ ပျံ့နှံ့နေလို့ မြို့ပေါ်ပေါက်နေတဲ့ ဈေးနှုန်းကိုအလွယ်တကူ သိရှိနေပြီဖြစ်တဲ့ အကြောင်းကြားသိရပါတယ်။

ကိုယ်ရောက်တဲ့အခါ ကျောင်းသားတွေကိုဟောပြောနိုင်ဖို့ ဒေသခံတွေကစီစဉ်ပေးထား တော့ အောင်ဆန်းခန်းမမှာတစ်နာရီလောက် ဟောပြောပါတယ်။ ပြီးတော့ ကလေးတွေကို မေးချင်ရာမေးကြဆိုပြီး မေးခိုင်းတယ်။ ကလေးတွေ ပြောရဲဆိုရဲမေးမြန်းရဲတဲ့ အလေ့အထ လေးရှိစေချင်လို့ပါ။ ပြီးတော့ ပါလာတဲ့ စာအုပ်တချို့ကိုကလေးတွေရယ်၊ အာစရိယပူဇော်ပွဲ အကျိုးဆောင်ကြတဲ့ ဆရာ၊ ဆရာမတွေနဲ့ မိတ်ဆွေကိုဝေငှတာလောက်တောင်မလောက်ဘူး။ အခမ်းအနားပြီးခါနီးမှာဒီကနေ့ ဟောပြောပွဲအတွေ့အကြုံကိုကျောင်းသူတစ်ယောက်၊ ကျောင်း သားတစ်ယောက်ကို ပြန်ပြောခိုင်းတယ်။ ကျောင်းသူအလှည့်မှာမိဘတွေက အိမ်စောင့်ခိုင်း ထားတာ၊ အိမ်သော့ခတ်ပြီး ဟောပြောပွဲလာလို့ အရိုက်ခံရမယ့်အကြောင်း၊ သမီးတစ်ယောက်က ငိုပြီးပြောပြတယ်။ ဟောပြောပွဲအတွေ့အကြုံ နည်းနည်းရထားတဲ့ ကလေးတွေက ပြီးရင် ဓာတ်ပုံရိုက်ခိုင်းရမှန်း၊ လက်မှတ်ထိုးခိုင်းရမှန်းသိလာကြပြီ။

ညဘက်မှာလည်းစာပေဆွေးနွေးပွဲလေးလုပ်တော့ မိတ်ဆွေတချို့ လာကြပါတယ်။ မေးမြန်းဆွေးနွေးတဲ့ အကြောင်းအရာတွေလည်းအတော်လေးစုံလင်တယ်။ ဒါပေမဲ့ သူငယ်ချင်း ဟောင်းတွေစုပြီးပျော်နေကြတဲ့ ကာရာအိုကေအစီအစဉ်ကိုမကျော်နိုင်၊ သူတို့အသံပဲလွှမ်းနေလို့ ဆွေးနွေးပွဲရှိမှန်းတောင် မသိလိုက်ကြဘူးတဲ့။

ဒီနှစ် အာစရိယပူဇော်ပွဲကအချိန်စောပြီးကျင်းပလို့ ငွေကောက်ကြ၊ အလှူခံကြတဲ့သူတွေ နည်းနည်းကသီပေမဲ့ ဆရာကြီး၊ ဆရာမကြီးတွေ စောစောအဆင်ပြေတာပေါ့။ လာရောက်တဲ့ ဆရာကြီး၊ ဆရာမကြီးတွေနဲ့ ဧည့်သည်တွေကိုဒေသခံဆရာ၊ ဆရာမတွေကချွေးနည်းစာထဲက

mgyoe.com

လစဉ်စုဆောင်းပြီး ထမင်းကျွေးကြသေးတယ်။ လာမယ့်နှစ်အတွက်လည်း ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့မှာ လုပ်မယ်ဆိုတာ တစ်ခါတည်း ရက်သတ်မှတ်ခဲ့ကြတယ်။

ပြုပြင်ထိန်းသိမ်းနေတဲ့၊ အများလှူဒါန်းခဲ့တဲ့ သဲဖြူကျောင်းကိုလည်းဝတ္တရားမပျက်သွားကြည့်ပါတယ်။ ဟိုတုန်းက ဘိလပ်မြေအောက်ခံက ရာသီဥတုဒဏ်ကြောင့် အက်နေပေမဲ့ တကယ်တမ်းကျ ထုခွဲလို့မရဘူး။ ကျောင်းမှာသတင်းသုံးနေတဲ့ ကိုယ်တော်တွေကမီးကြိုးတွေ လဲပေးပါဆိုလို့ မီးဆင်ပေးရဦးမယ်။ တနင်္ဂနွေနေ့မှာ ပုံမှန်သင်နေတဲ့ ယဉ်ကျေးမှု သင်တန်းကလည်း အရှိန်ကောင်းနေပြီး မကြာမီ သင်တန်းဆင်းပွဲလုပ်မှာမို့ ကလေးတွေကိုဝေဖို့ စာအုပ်တွေ ပို့ပေးရဦးမယ်။ ဒီတစ်ခါ ထူးထူးဆန်းဆန်း မသန်းစုဆိုင်ကမုန့်တီနဲ့ ခေါက်ဆွဲကို ဆိုင်ရှင်ကိုယ်တိုင်က ဧည့်ခံကျွေးမွေးတာ စားခဲ့ရတယ်။ ကိုယ့်အစီအစဉ်နဲ့ကိုယ်ဆိုတော့ ညီမလေးနဲ့ ပေါင်းပြီးဆွေတွေမျိုးတွေအိမ် ကြာကြာမလည်နိုင်။ အိမ်ရှင်ကျွေးတဲ့ ညနေစာတစ်နပ်ကို ကမန်းကတန်း စားရတယ်။ အကျေနပ်ဆုံးက နံနက်စောစောငါန်းဗွန်– ရွာသစ်လမ်းအတိုင်း လမ်းတစ်လျှောက် ကျေးလက်မြင်ကွင်းတွေ အရယူနိုင်ခဲ့တယ်။ အပြန်မှာတော့ ဆွေတွေ မျိုးတွေ ပေးလိုက်တဲ့ ထောပတ်ပုလင်းတွေ၊ နို့ဆီပုလင်းတွေ၊ မလိုင်ခဲတွေ မနိုင်မနင်းနဲ့ပေါ့။ ဘယ်လောက်တောင် ဝယ်ကြပေးကြသလဲဆိုဆိုင်မှာ မလိုင်ခဲလက်ကျန် မရှိတော့တဲ့ အထိပဲပေါ့။ နောက်တစ်ခါ ပြန်လာခဲ့ပါဦးမယ်။

mgyoe.com

mgyoe.com

# ဝန်ဆောင်မှု ပေးရအောင်

ဝန်ဆောင်မှုသင်တန်းတစ်ခုကို ခရီးရောက်မဆိုက် ပေးဖို့ ကြုံလာတယ်။ ရှေ့က သင်တန်းတုန်းက အဆက်အသွယ် လုပ်လို့မရလို့၊ မသင် ခိုင်းရဘူးလို့ ပြောပါတယ်။ ကိုယ်က လည်းခရီးတွေ ဆက်နေတာ ကိုး။

ပထမဆုံး 'ဘုရားတင်'တာနဲ့ 'နတ်တင်' တာ ကွာခြားပုံကို ပြောပါတယ်။ လွယ်လွယ်ပြောရရင် ဘုရားတင်တာမှာ ပေါ့ဆမှုရှိတယ်။ နတ်တင်ရာမှာ အသေးစိတ်က အစဂရုစိုက်တတ်၊ ချို့ယွင်းချက် အားနည်းချက်နည်းအောင် လုပ်တတ်ကြတယ်။

ဝန်ဆောင်မှုပေးတယ်ဆိုတာက အရေးအကြီး ဆုံး ကလုပ်ပေးချင်တဲ့ စေတနာ၊ နောက်တစ်ခုက ဘယ်လိုလုပ်ပေးရမလဲဆိုတဲ့ နည်း

mgyoe.com

mgyoe.com

ပညာ၊အတတ်ပညာ၊ စေတနာမှန်ရင်အကျိုးပေးတယ်၊ စေတနာကောင်းရင်ကံကောင်းတယ်။ အများပြည်သူ ကိုယ့်ပစ္စည်း၊ ကိုယ့်အသုံးအဆောင်ကို စရိတ်သက်သက်သာသာ၊ လွယ်လွယ်ကူကူနဲ့ သုံးနိုင်ပါစေဆိုကတည်းက စေတနာပါနေပြီ၊ အသေးစိတ်ဂရုစိုက်ဖို့လိုပေမဲ့ ပြည်သူလူထုဟာ ကြောက်စရာမကောင်းလှပါဘူး။

ဘာတွေမျှော်လင့်ထားသလဲ၊ ဘာတွေရင်ဆိုင်ကြရမလဲ။ ကိုယ့်ဝန်ဆောင်မှုကို အသုံးပြုသူများလာရင် အသံတွေ ပိုကြားရမယ်၊ အတိုင်းအတောပိုများမယ်။ အသံတွေ ပိုကြားလာရတာ၊ အတိုင်းအတောတွေ ပိုများလာတာဟာ ကောင်းတဲ့ လက္ခဏာပဲ။ အနည်းဆုံး ကိုယ့် ဝန်ဆောင်မှုကို ယူနေသေးတဲ့သဘောပဲ။ တကယ်လို့ ကိုယ့်ဝန်ဆောင်မှုရဲ့ လိုအပ်ချက်တွေ၊ အားနည်းချက်တွေကိုဘာမှ ပြန်ပြောမနေတော့ဘဲ ဝန်ဆောင်သူပြောင်းသွားရင် ပိုပြီးအန္တရာယ်ကြီးတယ်။

ကိုယ့်ထုတ်ကုန်၊ ကိုယ့်ဝန်ဆောင်မှုက ဘယ်လိုထိန်းသိမ်းစောင့်ရှောက်မှုပေးရသလဲ၊ ဘယ်ခလုတ်တွေကို မနှိပ်ရဘူးဆိုတဲ့ ဆောင်ရန်ရှောင်ရန်တွေကို ကြိုပြီးပြောပြထား၊ ပြောမပြနိုင်ရင် စာရေး၊ စာရေးကပ်ထားပေမဲ့လည်း ဖတ်ချင်မှ ဖတ်တာဆိုတော့ လက်ထဲထည့်ပေးလိုက်။ ဖြစ်နိုင်ရင် စာနည်းနည်း၊ အရုပ်တွေ၊ ကာတွန်းတွေများများနဲ့ လက်ကမ်းစာရွက်လေးတွေ ရိုက်ပေးလိုက်။ ကိုယ်ကသူ့ဆီက ဓာတ်ပုံတွေ၊ မှတ်ပုံတင်မိတ္တူတွေ ယူရမယ်ဆိုရင် အနီးဆုံးဓာတ်ပုံဆိုင်၊ မိတ္တူဆိုင်ကိုပါ ကြည့်ထားပြီးညွှန်ပြပေး။



ဘယ်အတိုင်းအတာအထိဆိုရင် ကိုယ်ကဖြေရှင်းပေးနိုင်တယ်၊ အဲဒီအတိုင်းအတာ ကျော်ပြီဆို ဘယ်သူကဖြေရှင်းပေးမလဲ၊ ဘယ်သူ့ကိုဆက်လက်တင်ပြရမလဲ၊ ဘယ်အချိန်မှာ အကြောင်းပြန်နိုင်သလဲဆိုတာ စောစောစီးစီးက ကြည့်ထား။

mgyoe.com

ပစ္စည်းတစ်ခုချင်းဝယ်တဲ့သူနဲ့ အစုလိုက် အပြုံလိုက်ဝယ်တဲ့ ကုမ္ပဏီဆိုရင် သီးခြားကောင်တာတွေ ခွဲထား၊ ခွဲမထားရင် တစ်ခုချင်းဝယ်တဲ့သူက အများကြီး ဝယ်တဲ့သူကိုဦးစားပေးတယ်၊ သူ့ကိုနှိမ်တယ်လို့ အထင်လွဲမယ်။ တစ်ခုနှစ်ခုသမားက အများကြီးဝယ်တဲ့သူကိုစောင့်မနေရရင် ပိုကောင်းတယ်။ ဒါမှမဟုတ်ရင်လည်းအများကြီးဝယ်တဲ့ လက်ကားသမားကို ဘယ်အချိန်ပြန်လာရင် အဆင်ပြေမလဲဆိုပြီးချိန်းကြည့်။

ကိုယ်ဝန်ဆောင်မှုပေးရာမှာ ဘယ်အချိန်မှာ၊ ကိုယ့်ရဲ့ ဝန်ဆောင်မှုကို စတင်အသုံးပြုနိုင်ပြီဆိုတာ စားသုံးသူက ဘယ်လိုလုပ်သိနိုင်မလဲ။ ဒါမှမဟုတ် စားသုံးသူကို ကိုယ်က ဘယ်လိုအကြောင်းကြားလို့ရမလဲ။ စာတို (SMS) ပို့ပေးမလား၊ မြန်မာလိုပို့ပေးမှာလား၊ အင်္ဂလိပ်ဘာသာနဲ့လား။ နောက်ရက်တွေမှာကိုယ့်ရဲ့ ဝန်ဆောင်မှုကိုသုံးတာအဆင်ပြေသလား၊ မပြေဘူးလား မေးမကြည့်သင့်ဘူးလား၊ မေးကြည့်ပြီးအဆင်မပြေဘူးဆိုရင် ဘယ်လိုဖြေရှင်းနိုင်မယ်ဆိုတာ ကြိုတင်စဉ်းစားမထားသင့်ဘူးလား။

ယုတ်စွအဆုံး ကိုယ့်ဆီက ဝန်ဆောင်မှု လာယူတဲ့သူတွေဟာ နေပူထဲမှာ နေရမှာလား။ အရိပ်လုပ်ပေးထား သလား၊ သူ့နာမည်ကို စာလုံးပေါင်းမှန်မှန် ပေါင်းနိုင်ရဲ့လား၊ အပေါ့အလေးသွားချင်ရင် အသုံးပြုစရာအဆင်သင့်ရှိရဲ့လား။ ရေတစ်ခွက်လောက် တိုက်လိုက်နိုင်မလား။

တကယ်လို့ အကောင်းဆုံးလုပ် ပေးပြီးရင် ကိုယ့်တာဝန်ကျေပြီ။ ကိုယ်မတတ်နိုင်တဲ့အပိုင်းကိုတတ်နိုင်တဲ့ သူတွေကတာဝန်ယူ၊ ဘယ်သူတွေကတာဝန်ယူမှာလဲဆိုတာ ကြိုကြည့်ထား။ လုပ်စရာရှိတာလုပ်ရဲတဲ့ သတ္တိ၊ မတတ်နိုင်တာစိတ်မပျက်တဲ့၊ တည်ငြိမ်အေးချမ်းတဲ့စိတ်၊ အကောင်းဆုံးလုပ်ပေးနိုင်တဲ့ နည်းပညာတွေ ယူသွားကြလို့မှာလိုက်တာပဲ။

mgyoe.com

mgyoe.com

# နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

၂၀ရာစုနှစ် ဒုတိယပိုင်းတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ အစိုးရများ၏ စီးပွားရေးကဏ္ဍ သိသိသာသာ ကြီးမားလာခဲ့ပါသည်။ အလားတူပင် ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်း ကိုလိုနီဘဝမှ လွတ်မြောက်လာခြင်း၊ နိုင်ငံအတွက် စက်မှုလက်မှု တည်ထောင်ရန် လိုအပ်လာခြင်းတို့ကြောင့် အစိုးရ၏ အခန်းကဏ္ဍ ကြီးမားလာခဲ့ပါသည်။ အစိုးရက ပွမ်းအားစုများကို စုစည်းကာ စီးပွားရေး တိုးတက်မှု ရရှိအောင် ကြိုးစားအား ထုတ်လာခဲ့ကြပါသည်။ သို့သော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အစိုးရ၏ အသုံးစရိတ်မှာ နည်းပါးနေဆဲ ဖြစ်ပါသည်။

ဖွံ့ဖြိုးပြီး နိုင်ငံများတွင် အစိုးရအသုံးစရိတ်အများစုကို ပင်စင်၊ လူမှုဖူလုံရေး၊ အလုပ်လက်မဲ့ ခံစားခွင့်အစရှိသည်တို့အတွက် အသုံး

mgyoe.com

mgyoe.com
ပြုမှု များပြားပါသည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပညာရေး၊ ကျန်းမာရေး စသည်တို့အတွက် အသုံးပြုမှုနည်းပါးပြီး နိုင်ငံပိုင်လုပ်ငန်းများကို အထောက်အပံ့ပေးရန်အတွက် အများဆုံး အသုံးပြုကြရသည်။ တစ်နည်းအားဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အဆင့်အရ စီးပွားရေးလုပ်ငန်းများကို အစိုးရက ဝင်ရောက် ဆောင်ရွက်နေရသည်။ စင်စစ် အချို့နိုင်ငံပိုင် လုပ်ငန်းများသည် ပုဂ္ဂလိက လုပ်ငန်းများက ဆောင်ရွက်သင့်ပြီး ထိုသို့ ဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်ရရှိနိုင်ပါသည်။ သို့သော် အချို့ လုပ်ငန်းများကို အစိုးရက မိမိတို့ ထိန်းချုပ်မှုအောက်တွင်ထားရှိလိုကြသည်။ ဆင်းရဲသော နိုင်ငံများ၌ တိုင်းပြည်ဝင်ငွေ (ဂျီဒီပီ)တွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏အချိုးအစား ကြီးမားကြောင်း တွေ့ရသည်။

နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် စီးပွားရေး တိုးတက်မှုကို အထောက်အကူ ပြု၊ မပြု ဆိုသည့်အပေါ် အမြင်ကွဲပြားမှု ရှိပါသည်။

အထင်ကရ စီးပွားရေး လုပ်ငန်းကြီးများ ခေတ်မီတိုးတက်ရန် အတွက် အစိုးရကသာ လိုအပ်သော ရင်းနှီးမြှုပ်နှံမှု အပြည့်အဝ လုပ်နိုင်စွမ်း ရှိခြင်း၊ အစိုးရ၏ ထိန်းချုပ်မှု အောက်တွင် ရှိသဖြင့် လောင်စာ၊ အိမ်ယာ၊ သယ်ယူပို့ဆောင်ရေးကဲ့သို့သော အခြေခံကုန်စည်များ၏ ဈေးနှုန်းသည် အများ လက်မခံနိုင်လောက်အောင် မြင့်မားခြင်း မရှိစေရန် ကာကွယ်နိုင်ခြင်း၊ လူအများအပြား အလုပ်အကိုင်ရရှိစေနိုင်ခြင်းဟူသော ကောင်းကျိုးများကို ထောက်ပြကြပါသည်။

သို့သော်လည်း တစ်ဖက်တွင် နိုင်ငံပိုင် လုပ်ငန်းများသည် စွမ်းဆောင်ရည် နိမ့်ကျမှုရှိပါသည်။ အဓိက အားနည်းချက်မှာ နိုင်ငံပိုင် လုပ်ငန်းများ၏ မန်နေဂျာများက အမြတ်ရရှိရန်ကြိုးပမ်းအားထုတ်စေမည့် မက်လုံး လုံးဝ မရှိခြင်း ဖြစ်ပါသည်။ အစိုးရ၏ ထောက်ပံ့ကြေးရရှိနိုင်ခြင်း၊ အတိုးနှုန်း သက်သာစွာ ချေးငွေ ရရှိနိုင်ခြင်း၊ ဒေဝါလီခံရမည့် အန္တရာယ်မရှိခြင်း၊ အစိုးရက ရောင်းဈေးကို မတန်တဆ နှိမ့်ချထားခြင်း၊ ပိုလျှံဝန်ထမ်းများအား ထုတ်ပယ်ခွင့်မရှိခြင်း စသည့် အားနည်းချက်များ ရှိပါသည်။

စွမ်းဆောင်ရည်နိမ့်ပြီး လေလွင့်ဆုံးရှုံးမှုများလျှင် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကိုသေချာပေါက် ထိခိုက်သည်။ ဘတ်ဂျက်လိုငွေကို ငွေစက္ကူရိုက် ဖြေရှင်းရာမှ ငွေဖောင်းပွစေခြင်း၊ ချေးငွေရယူရာမှ ပြည်တွင်း ပြည်ပ ကြွေးမြီများပြားခြင်း၊ ထို့ကြောင့် နိုင်ငံ၏စီးပွားရေး မတည်မငြိမ်ဖြစ်ကာ စီးပွားရေး တိုးတက်ရန် အလားအလာ အခွင့်အလမ်းများကိုလည်း ထိခိုက်စေပါသည်။ သို့ဖြစ်ရာ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ မည်သည့် အတိုင်းအတာအထိ ထားရှိသင့်သည်ကို စဉ်းစားလာကြပါသည်။

ယခုခေတ်တွင် အစိုးရ၏ နယ်ပယ် (Scope of the Government) နှင့်၊ အစိုးရ၏ စွမ်းရည် (Capacity of the Government) ကို ယှဉ်တွဲ၍ စဉ်းစားလာကြပါသည်။ အဓိကအားဖြင့် တစ်ဖက်တွင် အစိုးရ၏ နယ်ပယ်ကျယ်ပြန့်ပြီး အစိုးရ၏ စွမ်းရည်နိမ့်ကျနေလျှင် မနိုင်မနင်း ဖြစ်နိုင်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

– အစိုးရက ဈေးကွက် (သို့) ပုဂ္ဂလိကက ဆောင်ရွက်ခြင်း မပြုနိုင်သော နယ်
mgyoe.com

mgyoe.com

ပယ်များ၍သာ ဝင်ရောက် ဆောင်ရွက်သင့်ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ် ပြုလာကြပါသည်။ ပုဂ္ဂလိက (သို့) ဈေးကွက်က အဆင်ပြေအောင် ဆောင်ရွက်မပေးနိုင်သော ကိစ္စ ၅ခု ရှိပါသည်။ ၎င်းတို့ကို ဈေးကွက်၏ အားနည်းချက်များ (Market Failures) ဟူ၍ ခေါ်ဝေါ်လေ့ရှိပါသည်။ ၎င်းတို့မှာ ကာကွယ်ရေး၊ တရားဥပဒေ စိုးမိုးရေး၊ လမ်းတံတားများ၊ ပတ်ဝန်းကျင် ကာကွယ် စောင့်ရှောက်ရေးဟူသော အများပြည်သူ ကောင်းကျိုး ရှိစေမည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို လုံလောက်အောင် ထုတ်လုပ် ဖြည့်ဆည်း မပေးနိုင်ခြင်း


- မိမိတို့လုပ်ငန်း အပြင်ဘက်တွင် ကောင်းကျိုးဖြစ်စေနိုင်သည့် (Positive Externalities) ပညာရေး၊ ကျန်းမာရေးကဲ့သို့သော လုပ်ငန်းမျိုးကို ထုတ်လုပ်ဆောင်ရွက်မှု နည်းပါးခြင်း၊ စီးကရက်ကဲ့သို့သော ဆိုးကျိုး ဖြစ်စေနိုင်သည့် (Negative Externalities) လုပ်ငန်းမျိုးကို ထုတ်လုပ်ဆောင်ရွက်မှုများခြင်း လျှပ်စစ်နှင့် ရေပေးဝေရေး လုပ်ငန်းများကဲ့သို့သော သဘာဝအရ လက်ဝါးကြီးအုပ် လုပ်ကိုင်နိုင်သော လုပ်ငန်းများတွင် ထုတ်လုပ်မှု နိမ့်ချကာ ဈေးတင်ထားလေ့ရှိခြင်း
- အငြိမ်းစား ခံစားခွင့်၊ ကျန်းမာရေး ခံစားခွင့်၊ အလုပ်လက်မဲ့ ခံစားခွင့်တို့ကဲ့သို့သော လူမှုဖူလုံရေး ခံစားခွင့်များ အပြည့်အဝ မပေးနိုင်ခြင်း
- ဈေးကွက်အတွင်း ပါဝင်သူအားလုံး တစ်ပြေးညီ သတင်းအချက်အလက် မရရှိနိုင်ကြခြင်း (ဥပမာ– စားသုံးသူများသည် မိမိတို့ကို အန္တရာယ် ဖြစ်စေနိုင်သည့် ဆေးဝါးများ၊ အစားအသောက်များ အကြောင်းကို ကောင်းစွာ မသိရှိကြခြင်း) တို့ ဖြစ်ပါသည်။

အထက်ပါ အားနည်းချက်များကြောင့် အစိုးရက စီးပွားရေး လုပ်ငန်းများ ဝင်ရောက်ဆောင်ရွက်ရာတွင်လည်း အကောင်းဆုံးရလဒ် ထွက်ပေးမည်ဟု မမျှော်လင့်နိုင်ပါ။ စွမ်းရည်နိမ့်ကျခြင်း၊ အကျင့်ပျက်ခြင်း၊ ရည်ရွယ်ချက် မပြတ်သားခြင်း၊ ဝန်ထမ်းများက လုပ်ငန်းသဘာဝကို ကောင်းစွာ နားမလည်ခြင်း၊ အစရှိသော အားနည်းချက်များ တွေ့ကြုံရပါသည်။ (အမေရိကန်ပြည်ထောင်စုတွင် ပုဂ္ဂလိက အကျဉ်းထောင်များ ပြုလုပ်စေကာ အစိုးရက ထောက်ပံ့သည့် သာဓကပင် ရှိပါသည်။)

အစိုးရက စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုရသည့်ငွေများကို ပညာရေး၊ ကျန်းမာရေးတို့အတွက် လွှဲပြောင်း တိုးမြှင့် အသုံးပြုနိုင်သည့် သာဓကများ ရှိပါသည်။ တစ်ဖန် အစိုးရလုပ်ခဲ့သော လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းများက ဆောင်ရွက်ခြင်းပြုနိုင်ရန်၊ စည်းမျဉ်း စည်းကမ်းများ ဖြေလျှော့ပေးသောနည်း၊ ပုဂ္ဂလိက လုပ်ငန်းများ ကြီးထွားတိုးတက်လာစေရန် ဆောင်ရွက်သောနည်း (Market Liberalization) ကိုလည်း အသုံးပြုကြပါသည်။

mgyoe.com

mgyoe.com



# နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများနှင့် ဘတ်ဂျက်လိုငွေ

## နိဒါန်း

ဘတ်ဂျက်လိုငွေ၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း ပုဂ္ဂလိကလက်သို့ လွှဲပြောင်းခြင်းတို့၏ ဆက်စပ်မှုကို လေ့လာရာတွင် 'ပြည်သူ့ အကျိုးစီးပွား'ဟူသော ရှုထောင့်မှ အခြေခံရှုမြင်နိုင်ပါသည်။ ပြည်သူ့ အကျိုးစီးပွားဟု ဆိုရာတွင် စီးပွားရေး အကျိုးအမြတ်တစ်ခုတည်းသာမက အလုပ်အကိုင် ရရှိခြင်းကဲ့သို့သော အကျိုးကျေးဇူးများပါ ပါဝင်ပါသည်။ ယေဘုယျအားဖြင့် အကျိုးကျေးဇူးနှင့် ထိခိုက်နစ်နာမှု (စရိတ်စကများ) ကို ရေတိုနှင့် ရေရှည်၊ တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းဟူ၍ ခွဲခြားလေ့လာနိုင်ပါသည်။ ရေရှည်တွင် လူ့အဖွဲ့အစည်း ရရှိသော အကျိုးကျေးဇူးက ရေတို တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့၏ ထိခိုက်နစ်နာမှု စရိတ်စကထက် ကြီးမားလျှင် လုပ်ဆောင်အပ်သည်ဟု ဆုံးဖြတ်နိုင်ပါသည်။

## ဘတ်ဂျက်လိုငွေ

အများအားဖြင့် အစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်း လိုငွေပြခြင်း၊

mgyoe.com

mgyoe.com

လိုငွေကြီးမားခြင်းသည် ငွေဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်သဖြင့် နှစ်လိုခြင်းမရှိကြပါ။ ထိုလိုငွေသည် အလေအလွင့် များပြားမှုကြောင့်ဆိုလျှင် မလိုလားအပ်ပါ။ သို့သော် ပြည်သူများ၏ အလုပ်အကိုင် ဖန်တီးရန်အတွက်ဆိုလျှင် ရှိသင့်သော လိုငွေဖြစ်ပါသည်။ စီးပွားရေး တိုးတက်မှု နှေးကွေးချိန်များတွင် အစိုးရက လိုငွေပြအောင် သုံးစွဲ၍ ပြည်သူလူထု လက်ထဲ ငွေရောက်ရှိအောင် ဆောင်ရွက်ခြင်းသည် ဖြစ်သင့် ဖြစ်ထိုက်ပါသည်။ လိုငွေလျော့နည်းစေခြင်း၊ အလေအလွင့်များကြောင့် လိုငွေပြမှုမရှိစေခြင်းတို့အတွက် ကြိုးပမ်းထိုက်ပါသည်။

နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းဟု ဆိုရာတွင် အဓိပ္ပာယ် သတ်မှတ်ချက် အပေါ် မူတည်၍ ခွဲခြားနိုင်ပါသည်။ ဥပမာ အကျဉ်းထောင်သည် တရားဥပဒေ လေးစားလိုက်နာရေးအတွက် ဝန်ဆောင်မှုပေးရသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်ဟု အဓိပ္ပာယ်သတ်မှတ်နိုင်ပါသည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် အကြောင်းမဲ့ ပေါ်ပေါက်လာခြင်းမဟုတ်ပါ။ ပြည်သူ ပြည်သားတို့အတွက် လိုအပ်သော ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို ဈေးကွက် (သို့) ပုဂ္ဂလိကကဏ္ဍက လုံလောက်အောင် ဖြည့်တင်းမပေးနိုင်ခြင်းဟူသော အခြေအနေမျိုးကို ကုစားရန်အတွက် တည်ထောင်ထားခြင်းဖြစ်သည်ဟု ယေဘုယျအားဖြင့် ယူဆနိုင်ပါသည်။ ထိုအယူအဆအရဆိုလျှင် ဈေးကွက် (သို့) ပုဂ္ဂလိကကဏ္ဍက ဖြည့်စွမ်းပေးခြင်း မပြုနိုင်သော ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ (ဥပမာ – ပညာရေး၊ ကျန်းမာရေး) အတွက် နိုင်ငံပိုင် လုပ်ငန်းများ ဆက်လက် တည်ရှိရန် လိုအပ်နိုင်ပါသည်။

တစ်ဖက်တွင် လုံခြုံရေး၊ (ဥပမာ – လေဆိပ် လုံခြုံရေး) ကဲ့သို့သော လုပ်ငန်းများကိုပါ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးနိုင်လျှင် စရိတ်သက်သာခြင်း၊ စွမ်းရည်မြင့်မားခြင်း ဟူသော အကျိုးကျေးဇူးများ ရရှိခံစားနိုင်ပါသည်။

ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးသော်လည်း စရိတ်သက်သာခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ ဝန်ဆောင်မှုအရည်အသွေး မြင့်မားခြင်းဟူသော အကျိုးကျေးဇူးများကို သေချာပေါက် ခံစားရမည်ဟု အာမ မခံနိုင်ပါ။

– နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများတွင် စီးပွားရေး အကျိုးအမြတ် ရည်ရွယ်ချက် တစ်ခုတည်းသာမက အခြားသော နိုင်ငံရေး ရည်မှန်းချက်များကိုလည်း ပူးတွဲ၍ ထမ်းဆောင်ရလေ့ရှိရာ တစ်ခါတစ်ရံတွင် ထိုရည်မှန်းချက်များ တစ်ခုနှင့် တစ်ခု ဆန့်ကျင်လေ့ရှိပါသည်။ ဥပမာ – ဝင်ငွေနှင့် စရိတ်အချိုး ကိုက်ညီရေး အတွက် ဈေးနှုန်းမြှင့်တင် ရောင်းချရန် လိုအပ်သော်လည်း နိုင်ငံရေး တည်ငြိမ်မှုနှင့် စားသုံးသူ ပြည်သူအများစု၏ အကျိုးစီးပွားတို့အတွက် အရှုံးခံ ရောင်းချရသည့် သာဓကများလည်း ရှိပါသည်။
– နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများကို စီမံကွပ်ကဲရာတွင် စီးပွားရေး လုပ်ငန်း ကျွမ်းကျင်သူ၊ စီမံခန့်ခွဲမှု အရည်အချင်းရှိသူများဖြင့် စီမံခန့်ခွဲသင့်သော်လည်း အတိတ်က သစ္စာစောင့်သိ ရှိသေမှုဟူသော စံနှုန်းတစ်ခုကို အလေးပေး၍


mgyoe.com

mgyoe.com

ခန့်ထားခဲ့ရာ ၎င်းတို့၏ စီမံခန့်ခွဲမှုစွမ်းရည် မြင့်မားမည်ဟု မျှော်လင့်မရနိုင်ပါ။ နှစ်ပေါင်းများစွာ စရိတ်စကနှင့် အလေအလွင့်တို့ကို လည်းကောင်း၊ ဈေးကွက်ဝယ်လိုအားကို လည်းကောင်း၊ ထောက်ပံ့ကြေး ရယူ၍ သုံးစွဲခဲ့သည့် အလေ့အထများသည်လည်းကောင်း ရုတ်တရက် ပြောင်းလဲမည်ဟု မယူဆနိုင်ပါ။

အရှုံးပြနေသော နိုင်ငံပိုင် စီးပွားရေး လုပ်ငန်း အချို့သည် ငွေကြေး ရှာဖွေနိုင်စွမ်း အားနည်းနိုင်ပါသည်။ သို့ဖြစ်ရာ

- လက်ရှိ ပုဂ္ဂလိကသို့လွှဲပြောင်းပေးပြီး လုပ်ငန်းများ၏ ပြည်သူလူထုကိုအကျိုးပြုမှု အခြေအနေကို တိုင်းတာ စစ်ဆေး၍ ပြန်လည်သုံးသပ်ခြင်း၊
- မည်သည့် လုပ်ငန်းများသည် အရှုံးခံ၍ ဆောင်ရွက်သင့်သည်၊ မည်သည့် လုပ်ငန်းများသည် စီးပွားရေးအရ အကျိုးအမြတ် ရှိရမည်ဟု တိကျစွာ သတ်မှတ်ခြင်း၊
- လက်ရှိ စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်သူများဖြင့် လည်ပတ် ဆောင်ရွက်စေခြင်း၊
- ကျွမ်းကျင်မှု ဆိုင်ရာ သင်တန်းများပေးခြင်း၊
- အများပြည်သူ အကျိုးအတွက် ပုဂ္ဂလိကသို့ လွှဲပြောင်းနိုင်သည့် လုပ်ငန်းများ ရွေးချယ် သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။



mgyoe.com

mgyoe.com

# ရှေ့ဆက်မယ့် ခရီး

တစ်ပတ်တစ်ပတ် ပြေးရလွှားရတာတွေကအတော်များသကိုး။ ဒါကြောင့် ဘယ်ပွဲဖြစ်ဖြစ်တက်မယ်လို့ ကြံစည်တာ၊ ကြိုးစားတာတွေ လျှော့လိုက်ရတော့တယ်။ ဟုတ်တယ်လေ–တစ်နေ့တည်း၊ တစ်မြို့တည်းမှာကို စိတ်ဝင်စားစရာ ၃ ပွဲလောက်ရှိနေရင် ၃ ကိုယ်ခွဲလို့ရတော့ မဟုတ်လေတော့ အနည်းဆုံး ၂ ပွဲလောက်ကို လက်လွှတ်ရပါတော့တယ်။ ကောင်းတာကတော့ ကိုယ်မသွားလည်း အဲဒီပွဲအကြောင်း အနေးနဲ့အမြန် သိခွင့်ရတာပါပဲ။

ပြီးခဲ့တဲ့တစ်နှစ်လုံး ခရီးတွေသွားနေသမျှ အားအရဆုံးက တော့ အချိန်တွေ လိုအပ်တာထက်ပိုကုန်တဲ့ကိစ္စပါ။ တိုတိုပြောရင် ပြီးနိုင်ပါလျက်နဲ့ ရှည်လျားထွေပြားနေတာ လိုအပ်လို့ ပြောသင့်လို့ထက် ပြောချင်လို့ ပြောနေတာ၊ ကိုယ့်စကားကိုဘယ်နားကစလို့ ဘယ်နားဆုံးရမှန်းမသိတာတွေကိုလည်း အတော်များများတွေ့ရပါတယ်။

အားမရဆုံးကိစ္စတွေထဲမှာ တယ်လီဖုန်းတို့၊ အင်တာနက်တို့သုံးပြီး မြန်မြန်ဆန်ဆန် ဆက်သွယ်နိုင်၊ ပြောဆိုနိုင်ပါလျက်နဲ့ ထိထိရောက်

mgyoe.com

ရောက် မသုံးကြသေးတာက ထိပ်ဆုံးက ပါနေတယ်။ ခုအချိန်ထိ ဘွဲ့ရအဆင့်လောက် ရှိနေပေမယ့် အင်တာနက်ကို ကောင်းကောင်း အသုံးမချသေးတာတွေ အတော်လေးရှိနေသေးတယ်။ ပြီးခဲ့တဲ့နှစ်ထဲမှာ ကျွန်တော့်ဇာတိ ရပ်ရွာအကြောင်းတွေ၊ ဓာတ်ပုံတွေကို အင်တာနက်မှာ မကြာခဏတွေ့ရတာတော့ တိုးတက်မှုတစ်ရပ်ပါပဲ။

အဆိုးဆုံးကိစ္စကတော့ စည်းကမ်းပျက်တာ၊ အထူးသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်ကြတာလို့ ထင်ပါတယ်။ ယာဉ်တွေကလည်း အများကြီးများလာ၊ ရှေ့ကလာတဲ့ကားက တည့်တည့်သွားမှာလား၊ ကွေ့မှာလားမသိ။ ကိုယ်ကဘာလုပ်လို့ လုပ်ရမှန်းမသိ။ မျဉ်းကျားကကူးဖို့ သတ်မှတ်ထားပေမဲ့ မျဉ်းကျားမှာ ရပ်ပေးတဲ့ကားက ခပ်ရှားရှား၊ ဘုကြည့်တောင် ကြည့်ချင်ကြည့်သွားတတ်ကြသေး။

အပြောအများဆုံး အကြောင်းအရာကတော့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေပဲ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ဆုံးရှုံးခဲ့တဲ့ အခွင့်အရေးတွေက ပြောကြဆိုကြတောင်းကြနဲ့ အတော်လေး တက်တက်ကြွကြွ ရှိခဲ့ကြပါတယ်။ ဒါပေမဲ့



mgyoe.com

mgyoe.com

တောင်းဆိုမှုတွေကို အချိန်တိုအတွင်းမှာ အကန့်အသတ်တွေကြားထဲကအပြည့်အဝ ဖြည့်ဆည်းပေးနိုင်ဖို့ဆိုတာက တော်တော်မလွယ်လှ။ တစ်ဖက်က ကြည့်ပြန်တော့လည်းစောင့်ရတာကြာလှပြီဆိုတော့ စိတ်မရှည်ချင်ပြန်။

သတင်းလောကထဲကလူတစ်ယောက်အနေနဲ့ ပြောရရင် ဒီကနေ့ ဟိုလိုကနေ နောက်တစ်နေ့ကျ ဟိုလိုမဟုတ်ဘူး၊ ဒီလိုတဲ့ ဆိုတာမျိုးတွေက ခပ်များများ။ ဘယ်သူမှန်တယ်၊ မှားတယ်ဆိုတာ စာနယ်ဇင်းတွေဆုံးဖြတ်ဖို့က မလွယ်လှ။ သတင်းတွေရယ်၊ အတင်းတွေရယ်၊ ဖြစ်နေတာတွေရယ်၊ ဖြစ်စေချင်တာတွေရယ်၊ ဖြစ်သင့်တာတွေရယ်က ရောနေလို့။ ခွဲထုတ်ဖို့၊ ဆွဲထုတ်ဖို့မလွယ်လှ။

အပြောင်းအလဲဆိုတာကလည်း ကိုယ်ဖြစ်စေချင်တဲ့ အပြောင်းအလဲရယ်၊ ကိုယ်မဖြစ်စေချင်တဲ့ အပြောင်းအလဲရယ်၊ ကိုယ်လက်ခံချင်တဲ့ အပြောင်းအလဲရယ်၊ ကိုယ်လက်မခံချင်တဲ့ အပြောင်းအလဲတွေရယ်လို့ကလည်း ရှိနေသေး။ ဒီကြားထဲမှာ အဆိုးယောင်ဆောင်လာတဲ့ အကောင်းအပြောင်းအလဲတွေ၊ အကောင်းယောင်ဆောင်လာတဲ့ အပြောင်းအလဲတွေကလည်း အများသား။

သေချာတာကတော့ ကိုယ့်ဘက်ကအဆင်သင့်ရှိနေရင်။ စွမ်းရည်ရှိနေရင် အခွင့်အလမ်းတွေဖြစ်နိုင်ပေမဲ့ ဒီလိုမဟုတ်ပြန်ရင်တော့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေ၊ အတားအဆီးတွေဖြစ်နေပြန်ပါလေရော။ ဒီအထဲမှာမခိုင်မာလာတာတွေကို အားကိုးနေလို့မဖြစ်။ အကျင့်သီလတွေ၊ စာရိတ္တတွေ၊ ညဏ်ပညာတွေ၊ ကုသိုလ်တွေကို ပစ်ထားလို့မရ။ သူတို့က ဒီတစ်ဘဝစာ၊ တစ်ခဏစာလေးတွေသာမက သံသရာအတွက်ပါ အားကိုးစရာမဟုတ်လား။

mgyoe.com

mgyoe.com

# ဧရာဝတီပေါ်က ပြိုင်ပွဲ

( ၁ )

လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၀ လောက်က ဖြစ်ရပ်လေးတစ်ခုကို လက်ရှိ အခြေအနေနဲ့ ယှဉ်တွဲပြီး စဉ်းစားကြည့်မိတယ်။

Gßudyard Kipling ရဲ့ ကဗျာလေးတစ်ပုဒ်ကို သိကြတဲ့သူ အတော်များပါတယ်။ နားလည်သလို အဓိပ္ပာယ်ကောက်ရရင် မော်လမြိုင်ဘုရားတစ်ဆူရဲ့ဘေးကနေ မိန်းကလေးတစ်ယောက် ပင်လယ်ပြင်ကိုထိုင်ငေးနေတယ်။ သူတွေးနေတာ ကျွန်တော့်အကြောင်း ဆိုတာသိတယ်။ အုန်းပင်ကိုလေတိုးသံတွေ၊ ဆည်းလည်းသံတွေက ပြန်လာခဲ့ပါ ဗြိတိသျှစစ်သားရယ်၊ မန္တလေးကိုပြန်လာခဲ့ပါ။ မန္တလေးမှာ ဖလော်တီလာ သင်္ဘောဆိုက်ထားတယ်။ ရန်ကုန်ကနေ မန္တလေးကိုသွားတဲ့လမ်းမှာ ငါးပျံတွေလည်း မြူးတူးပျော်ပါး ကစားနေကြတယ်တဲ့။

တကယ်တော့ အဲဒီကဗျာဆရာဟာ မြန်မာပြည်ကိုလည်း မရောက်ဖူးပါဘူး။ မန္တလေးကိုလည်း မရောက်ဖူးပါဘူး။ ဒါဟာ ကဗျာဆရာရဲ့စိတ်ကူးစိတ်သန်းသက်သက်ပါပဲလို့ ဆရာကြီး ဒေါက်တာခင်မောင်ညွန့်

mgyoe.com

က ပြောပြပါတယ်။ ပြီးတော့ 'မန္တလေးကိုသွားတဲ့လမ်း' ဆိုတာ ဧရာဝတီမြစ်ကိုတင်စားပြီး ခေါ်တာလို့ ဆရာကြီးကရှင်းပြပါတယ်။ ကျွန်တော်ရွတ်ရင် ကဗျာပျက်စီးသွားမှာစိုးလို့ မရွတ်သလို ဆရာကြီးကလည်း ငယ်ငယ်ကလို အသံမကောင်းတော့လို့ မရွတ်ချင်ဘူးလို့ ပြောပြပါတယ်။

( ၂ )

ကျွန်တော်က အဲဒီကဗျာထဲက ဧရာဝတီဖလော်တီလာ ကုမ္ပဏီဆိုတာကို စိတ်ဝင်စားပါတယ်။ ဧရာဝတီဖလော်တီလာ ကုမ္ပဏီလီမိတက်ဆိုတာ ၁၈၆၅ ခုနှစ်မှာတည်ထောင်ခဲ့တယ်။ ဧရာဝတီမြစ်ရိုးနဲ့ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတစ်လျှောက်ကို တပ်တွေ အရွေ့အပြောင်းလုပ်နိုင်ဖို့ အဓိကရည်ရွယ်တယ်။ ဒါပေမဲ့ခရီးသည်တွေ၊ ဆန်တွေ၊ အစိုးရရဲ့ကုန်တွေကို ရန်ကုန်ကနေ ပြည်အထိ သယ်ယူပို့ဆောင်ပေးတယ်။ ၁၈၆၈ ခုနှစ်မှာ ဗန်းမော်အထိ သယ်ပေးတယ်။ ရေနံချောင်းတို့၊ ချောက်တို့မှာရှိတဲ့ ရေနံတွင်းတွေအတွက် လေးလံတဲ့ စက်ပစ္စည်း ကိရိယာတွေ သယ်ဖို့လည်းအဆင်ပြေတယ်။ လွတ်လပ်ရေးရပြီး ၂၀ ရာစုအထိလည်း ကုမ္ပဏီဟာ အသုံးဝင်နေတုန်းပဲ။ ရန်ကုန်ကနေ မန္တလေးကိုဖောက်တဲ့ ရထားလမ်းဟာလည်း စစ်တောင်းမြစ် ဘေးကနေဖောက်ထားတာ။ ဧရာဝတီမြစ်ဘေးကမဟုတ်ဘူး။ ရေနွေးငွေ့ သင်္ဘောတွေကိုစကော့တလန်မှာဆောက်၊ အစိတ်အပိုင်းတွေ ဖြုတ်သယ်လာပြီး မြန်မာပြည်ရောက်မှ ပြန်တပ်တယ်။

ဒုတိယကမ္ဘာစစ်မှာဂျပန်တွေ ဝင်လာတော့ သင်္ဘောတွေ အကုန်လုံးကို မန်နေဂျာက မြစ်ထဲမြှုပ်ပစ်ထားတော့ ဂျပန်တွေ သုံးလို့မရဘူး။ ၁၉၄၈ ခုနှစ်ကျတော့ ဧရာဝတီဖလော်တီလာ ကုမ္ပဏီဟာ 'အစိုးရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့' ဖြစ်သွားတယ်။

( ၃ )

မူလတန်းဖတ်စာအုပ်တွေမှာ မွန်သူဌေးကြီး ဦးနာအောက်အကြောင်း သင်ဖူးကြပေမဲ့ အသက်ကြီးလာတော့ မေ့ကုန်ကြတယ် ထင်ပါရဲ့။ မွန်အမျိုးသား ဦးနာအောက်ဟာ မြန်မာသင်္ဘောကုမ္ပဏီကို တည်ထောင်ခဲ့တယ်။ သူဟာ မူလက သစ်လုပ်ငန်းကိုလုပ်ပြီး အဲဒီခေတ်က မြန်မာကျပ်ငွေသိန်း ၂၀ လောက် ချမ်းသာတယ်။ သစ်အရောင်းအဝယ်ကနေ အရင်းအနှီးစုခဲ့တယ်။ အခုအထိလည်း မြန်မာ့သစ်တွေက အရင်းအနှီးရှာပေးနေတယ်ဆိုတော့ မြန်မာသစ်တောတွေက လုပ်ကျွေးလာတာ နှစ်ပေါင်း ၁၀၀ ကျော်ပြီပေါ့။ နောင် အနှစ် ၁၀၀ လောက်ထပ်ပြီး လုပ်ကျွေးဦးမလားဆိုတာတော့ သိပ်မသေချာလှဘူး။

ဦးနာအောက်က ဧရာဝတီဖလော်တီလာနဲ့ပြိုင်ဖို့ စကော့တလန်ကနေသင်္ဘော ၇ စီးမှာတယ်။ သင်္ဘော ၇ စီးရဲ့နာမည်တွေကတော့ အောင်သိမ်း၊ အောင်တပ်၊ အောင်သီတာ၊ အောင်ဒီပါ၊ အောင်မင်္ဂလာ၊ အောင် ဇေယျာနဲ့ အောင်နိဗ္ဗာန်တဲ့။

ကုမ္ပဏီနှစ်ခုက ဈေးလျှော့ပေးပြီး ခရီးသည်တွေကို ဆွဲဆောင်တယ်။ အခမဲ့ ခရီးသည်